မြန်မာ့အလင်း

၁၂၇၅ ခုနှစ်၊ကဆုန်လဆန်း၁ရက်သောနေ့ Established 1914

၁၃၇၁ ခုနှစ်၊ ပါဆိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၇၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်ငံသာသည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဧတော်မီဖွဲ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဓာတ်ဘီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး

ချင်းပြည်နယ် မင်းတပ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကန်ပက်လက်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ချင်းပြည်နယ် ကန့်ပက်လက်မြို့ အမှတ်(၂) ရပ်ကွက်ရှိ Mountain Resort နှင့် PINE WOOD VILLA သို့ သွားရောက်ပြီး တည်ခိုဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မိုးရာသီ ရေကြီးနစ်မြုပ်မှုကာကွယ်နိုင်ရန် ရေတာရှည်၌ စမိုးချောင်းတူးဖော်

ရေတာရှည် ဇူလိုင် ၈

ရေတာရှည်မြို့ရှိ အရှည်နှစ်မိုင်နှီးရှိသော စမိုးချောင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အဖွဲ့ပိုင်စက်၊ ယန္တရားများဖြင့် ပြန်လည်တူးဖော်ပေးနေမှုကို ဇွန် ၃၀ ရက်က အမှဆောင်အရာရှိ ဦးတင်မိုးလွင် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အကျိုးဖြစ်ထွန်းစေမည်

အဆိုပါ စမိုးချောင်းတူးဖော်ပြီးစီးပါက အမှတ်(၅)ရပ်ကွက်ရှိ လူနေအိမ် ၂၀၀ ခန့်သည် မိုးရာသီ၌ နစ်စဉ်ရေကြီးနစ်မြုပ်မှု၊ ဝမ်းရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတို့မှ ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် ချောင်းဘေးတစ်ဖက်တစ်ချက်ရှိ နေပါးဖိုက်ခင်းဧက ၆၀ ခန့်ကို ရေသွင်းရေထုတ် ပြုလုပ်နိုင်၍ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။ *(မြို့နယ် ပြန်/ဆက်)*

စီအင်နှိုမော်တော်ယာဉ်များအကြောင်း သိကောင်းစရာ

ရန်ကုန် ဇူလိုင် ၈

နိုင်ငံအများအပြားသည် သဘာဝဓာတ်ငွေ့ကို ကုန်ကျစရိတ် သက်သာစွာ အမြောက်အမြား ထုတ်ယူရရှိနိုင်သဖြင့် သဘာဝဓာတ်ငွေ့ကို မော်တော်ယာဉ်သုံး လောင်စာဆီအဖြစ် ပိုမိုသုံးစွဲလာကြပါသည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများတွင် များပြားလှသော မော်တော်ယာဉ်များမှထွက်ရှိလာသည့် အိပ်ဇောဓာတ်ငွေ့မှာ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုရှိစေပြီး လူအများ၏ ကျန်းမာရေးကို ထိခိုက်စေသဖြင့် သန့်ရှင်းသော လောင်စာဆီ (Clean Fuel) ဟု ခေါ်ဝေါ်ခြင်းခံရသော သဘာဝဓာတ်ငွေ့ကို ချမ်းသာသော နိုင်ငံကြီးများ၌ပင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပါသည်။ ကနေဒါ၊ အမေရိကန်၊ နယူးဇီလန်၊ ဩစတြေးလျှနိုင်ငံတို့၌ စီအင်နှိုကျီယာဉ်များစွာ အသုံးပြုနေပြီး ဘရာဇီး၊ အာဂျင်တီးနားနိုင်ငံများ၌လည်း စီအင်နှိုကျီဖြင့် မော်တော်ယာဉ်မောင်းနှင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပါသည်။

အမြောက်အမြားတင်သွင်း

ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ် စသည့်နိုင်ငံများတွင်လည်း သဘာဝဓာတ်ငွေ့များ ထွက်ရှိသဖြင့် သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်ခြင်းကို အရှိန်အဟုန်ဖြင့် တိုးချဲ့နေကြပါသည်။ သဘာဝဓာတ်ငွေ့မထွက်သော ကိရိယား၊ ဂျပန်ကဲ့သို့ နိုင်ငံကြီးများ၌လည်း ယခင်ကတည်းက သဘာဝဓာတ်ငွေ့ရည် (LNG) အမြောက်အမြား တင်သွင်းအသုံးပြုနေသော နိုင်ငံများဖြစ်ရာ သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်သောယာဉ်များစွာ ရှိကြပါသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻



ဆလွန်းကားတွင် CNG KIT တပ်ဆင်ထားပုံ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း မြင့်ဌေး(စွမ်းအင်)

စာမျက်နှာဖွဲ့စည်းမှု သောင်းရွှေ (မြန်မာ့အလင်း)

မြန်မာ့အသံ

အယ်ဒီတာ အာဘော်

(၂၀၀၉ ခုနှစ် ဇူလိုင် ၉ ရက်)

ယာဉ်အန္တရာယ် ကင်းဝေးစေရေး ပြည်သူများ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းပါဝင်ကူညီ

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများလာသည်နှင့်အမျှ မြန်မာနိုင်ငံတွင် ယာဉ်သုံးစွဲမှုများလည်း များပြားလာခဲ့ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်အခါသည် ယာဉ်အန္တရာယ်ဖြစ်ပွားမှု အများဆုံးသော မိုးရာသီကာလဖြစ်ပြီး ရာသီဥတုကြောင့်လည်းကောင်း၊ ယာဉ်ကြောင့်လည်းကောင်း၊ လူကြောင့်လည်းကောင်း ဖြစ်ပွားလေ့ရှိရာ ယာဉ်တိုက်မှုအများဆုံးသည် မိုးရာသီကာလတွင် ရာခိုင်နှုန်းအများဆုံးဖြစ်ပွားသည်ကို စိစစ်တွေ့ရှိခဲ့ရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းများတွင် မဆင်မခြင်မောင်းနှင်မှု၊ အရှိန်ပြင်းစွာမောင်းနှင်မှု၊ ခရီးသည်ပေါ်ဆမှု၊ လမ်းကူးသူများ၏ ပေါ်ဆမှု၊ အနေးယာဉ်များ၏ ပေါ်ဆမှု၊ စက်ကိရိယာချွတ်ယွင်းမှု၊ အရက်သေစာသောက်စားပြီး မဆင်မခြင်မောင်းနှင်မှတို့ကြောင့် အများဆုံးဖြစ်ပွားလေ့ရှိသည်။

ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောလမ်း မှားယွင်းစွာမောင်းနှင်ခြင်း၊ ယာဉ်လမ်းကြောင်း ပိတ်ဆို့ရပ်တန့်ခြင်းများကို ယာဉ်မောင်းသူများက သတိပြုရှောင်ကြဉ်ကြရမည်ဖြစ်သကဲ့သို့ မိမိ၏ယာဉ်လိုအပ်ချက်များ၊ ချွတ်ယွင်းမှုများကို ကြိုတင်ပြုပြင်ထားကြရန် လိုအပ်သည်။

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရေး၊ ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ မဖြစ်ပွားရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက စည်းကမ်းချိုးဖောက်သော ယာဉ်များအား ဓာတ်ပုံမှတ်တမ်းဖြင့်လည်းကောင်း၊ ခေတ်မီပစ္စည်းကိရိယာများဖြစ်သည့် အပြိုင်နှုန်းတိုင်းကိရိယာများအသုံးပြု မှတ်တမ်းတင်ခြင်းဖြင့်လည်းကောင်း စဉ်ဆက်မပြတ် စစ်ဆေးအရေးယူလျက်ရှိသည်။

ယာဉ်မတော်တဆ ထိခိုက်မှုများ လျော့နည်းကျဆင်းရန် နည်းလမ်းများ ချမှတ်ဆောင်ရွက်ခဲ့ရာတွင် အသိပညာပေးသည့် အပိုင်းတွင် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ လိုက်နာရန် သင်တန်းများပို့ချခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ပြဇွဲပြိုင်ပွဲများကျင်းပခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ ယခုကဲ့သို့ မိုးရာသီတွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်မောင်းသူများ ယာဉ်စည်းကမ်းများကို တိကျစွာ လိုက်နာကြပြီး ယာဉ်အန္တရာယ်ကြောင့် ဆုံးရှုံးမှုများမဖြစ်စေရေးအတွက် ပြည်သူများအပိုင်းကလည်း အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းပါဝင်ကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်ခရိုင်မိသားစု စည်းကမ်းထိန်းသိမ်းရေး ပညာသင်စရိတ်နှင့် ပညာရည်ချွန်ဆုချီးမြှင့်

ပုသိမ် ဇူလိုင် ၈

ပုသိမ်ခရိုင် မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မရှင် ကြီးမှူးကျင်းပသည့် ပညာသင်စရိတ်ပေးအပ်ခြင်းနှင့် ပညာရည်ချွန်ဆုပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၀ ရက်က ပုသိမ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် ခုနှစ်ဦး၊ အဆင့်မြင့်ပညာအဆင့် သုံးဦးနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၁၀ ဦး၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူငါးဦးတို့အား ပညာသင်စရိတ်နှင့် ပညာရည်ချွန်ဆု စုစုပေါင်း ငွေကျပ် ၂၇၄၀၀၀ ပေးအပ်သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ပညာသင်စရိတ်များကို ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှမိုကလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကို မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ငင်ကလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာနှင့် နှစ်ဘာသာ ဂုဏ်ထူးရရှိသူခုနစ်ဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ရုံးဝန်ထမ်း မိသားစုများနှင့် မိသားစုဝင် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

(ခရိုင် မြန်/ဆက်)

စကြည့်တိုက် စံ(၅)ချက်နှင့်ပြည့်စုံရေး ဒဂုံ(ဆိပ်ကမ်း)၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်းသန့်ခိုင်မာပြီး စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များဖြစ်တည်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်း

ဇူလိုင် ၃ရက်က မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဦးနှင့်အဖွဲ့သည် ကျီစုအရှေ့ကျေးရွာရှိ ပညာအလင်း(၄) စာကြည့်တိုက်နှင့် ကျီစုရွာသစ်ကျေးရွာရှိ ရောင်ခြည်ဦး စာကြည့်တိုက်နှင့် တတ်ပုံ(၂) ဦးသိမ်းစိုးနှင့်အဖွဲ့သည် ညောင်ပင်ကျေးရွာ၌ ဆောက်လုပ်လျက်ရှိသော ပညာအလင်း(၃) စာကြည့်တိုက်နှင့် ငါးပိ၊ ငါးခြောက်ခုခံရှိ နှဝေး စာကြည့်တိုက်တို့သို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

စံ(၅)ချက်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများတွေ့ဆုံပြီး ရရှိပြီသော စာအုပ်များ စနစ်တကျထိန်းသိမ်းရေး၊ အလျှူရှင်များ တိုးပွားရေး၊ လစဉ်ထုတ်မဂ္ဂဇင်းများနှင့် ကျန်းမာရေး ဝယ်ယူဖြည့်တင်းနိုင်ရေး၊ စာဌား ကတ်စနစ် ကျင့်သုံးနိုင်ပြီး စံ(၅)ချက်နှင့် စာကြည့်တိုက်သည် စာကြည့်တိုက်ပိုင်ခြေနှင့် အဆောက်အအုံပိုင်ဆိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြရာ စာကြည့်တိုက်ကော်မတီဝင်များကလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

(မြို့နယ် မြန်/ဆက်)

အခြေခံပီးသတ်သင်တန်းပွင့်

ကျွန်းလှ ဇူလိုင် ၈

ဆွေတိုခရိုင် ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး အခြေခံပီးသတ်သင်တန်း အုပ်စု စဉ် (၁/၂၀၀၉)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၈ရက်က ကုက္ကိုကုန်းအုပ်စု ကုက္ကိုကုန်းကျေးရွာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် တပ်နယ်မှ ဗိုလ်မှူးဝဏ္ဏမော်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းတွင် ကုက္ကိုကုန်းရွာ၊ လွှတ်တိုက်ရွာ၊ တောင်ယာဆိပ်ရွာများမှ သင်တန်းသား ၆၀ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် မြန်/ဆက်)

သာသနာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

သာသနာရေးဝန်ကြီးဌာန ၂၀၀၉ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နေ့နံ့က ၇ နာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး နှစ်ရှည်ပင်စိုက်ခင်းဧရိယာတွင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရဲမြင့်မောင်နှင့် ဇနီးတို့ တက်ရောက်၍ သရက်ပင်ကို စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးပေး

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးနှင့်ဌာနဆိုင်ရာအကြီးအကဲများက အရာထမ်း၊ အမှုထမ်းများ ပျိုးပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲ

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ဝါဘောက်၊ ပျဉ်းမ၊ မဟော်ဂနီ၊ သနပဲခါး၊ နှင်းသီး၊ သရက်၊ ပိန္နဲ၊ ဆီးပင်၊ ဒန့်သလွန်၊ ကုံကော်၊ စိန်ပန်း၊ ငုနှင့် နှစ်ရှည်သီးနှံပင် စုစုပေါင်းပျိုးပင် ၂၅၀၀ စိုက်ပျိုးကြသည်။ (သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဟိုတယ်၊ မိုတယ်၊ အင်းများ၊ ပုဂ္ဂလိကဆေးခန်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးခြင့်က အမှာစကားပြောကြားသည်။ (ယာဝဲ)

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာကြူးက ရောဂါကြိုတင်ကာကွယ်တားဆီးရေးနှင့် လိုက်နာဆောင်ရွက်ရန်များကို လက်ကမ်းစာစောင်များနှင့်တကွ ပညာပေးပြောပြကြောင်း သိရသည်။ (မြို့နယ် ထွေ/အုပ်)

မြဝတီရုပ်မြင်သံကြား

၉-၇-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ မြဝတီအဖွင့်
၆း၀၅ ၂။ တရားတော်
၆း၂၀ ၃။ အဖွင့်သီချင်း
၆း၂၅ ၄။ မိုးရာသီတပ်တော်
၆း၃၀ ၅။ မြန်မာ့ပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၆း၃၅ ၆။ မြန်မာ့အသံစဉ်ချိုးဆင်
၆း၄၅ ၇။ **မြန်မာ့ရာသီဥတုကျေးဇူး အဆို၊ အကာ၊ အရေး၊ အဝိုး ပြိုင်ပွဲအစီအစဉ်**
၇း၀၀ ၈။ သာယာသီကြွေတော်ဆန်းတေး
၇း၂၅ ၉။ အမျိုးသားရေးတေးကဏ္ဍာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဏ္ဍာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မိုးရာသီတပ်တော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဏ္ဍာ
၄း၃၀ ၅။ မြန်မာ့အသံစဉ်ချိုးဆင်
၄း၄၀ ၆။ **မြန်မာ့ရာသီဥတုကျေးဇူး အဆို၊ အကာ၊ အရေး၊ အဝိုး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မြတ်နိုးကြေးမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေတော်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဏ္ဍာ
၆း၂၅ ၁၂။ လွှမ်းတစ်မြက်
၆း၃၀ ၁၃။ ကာကွန်းအစီအစဉ် **ပြိုင်ကားကလေးစောင်ပါ** (အပိုင်း-၁၄)
၇း၀၀ ၁၄။ ရသစုလင်ရုပ်မြင်စာတော်လမ်း **ကြိုမြတ်သူတို့နှလုံးသား** (အပိုင်း-၆၈)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေသသတင်း
၁၇။ အမျိုးသားရေးတေးကဏ္ဍာ
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ ကုန်းသယ်ဘုတ
၂၀။ ယနေ့ညအထွက် မြဝတီ၏သားလက်ဆော့
၂၁။ ရသရုပ်ရှင်မြင်စာတော်လမ်း **နတ်ဆေးရှင်သိုးမောင်နှံ** (အပိုင်း-၂၃)
၂၂။ မိုးကုတ်ဆရာစုတော်ကြီး၏ ထေရ္တပ္ပတိ (အပိုင်း-၃)

အမှတ်(၂)စက်မှုဝန်ကြီးဌာန မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

နေပြည်တော် ၈လိုင် ၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် ပဥမအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးခွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးပတ်ဝန်းကျင်၌ ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး အရာထမ်း၊ အမှုထမ်းများ တပျော်တပါး စုပေါင်းသစ်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

ယနေ့ ပဥမအကြိမ်အဖြစ် ဝန်ကြီးရုံး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပန်း၀ါ၊ နှယ်သာကီ၊ ခရာဝါ၊ ပုဇွန်ရိုက်၊ ရွက်လှပ်များနှင့် အရိပ်ရနှစ်ရှည်ပင်များဖြစ်သည့် ခရေ၊ မန်ကျည်း၊ ကြက်ဆူ၊ ပျဉ်းမနှင့် တံကော်စသည့် သစ်ပင်ပျိုးပင် စုစုပေါင်း ၁၁၉၄၄ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ်မှ ယခု ပဥမအကြိမ်အထိ သစ်ပင်ပျိုးပင် စုစုပေါင်း ၅၂၉၃၇၀၄ ပင် စိုက်ပျိုးပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မကွေးမြို့နယ် ဒေါင်းနေ တိုးချဲ့ကာကွယ်တော စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

မကွေးတိုင်းအတွင်းရှိ မြန်မာ့သစ်လုပ်ငန်းပိုင် စိုက်ခင်းများ ဝန်ကြီး ပိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ၈လိုင် ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ၈လိုင် ၅ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မကွေးမြို့နယ် ဒဟတ်ကန်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ အိမ်ခြေအလုံး ၁၂၀ တွင် ကျေးလက်အိမ်ရာ ထူထောင်ရေးစီမံချက် အရ ကျွန်းသုံးပင်နှင့် ယူကလစ်ပင် ၂၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးမြို့နယ် ဒေါင်းနေ တိုးချဲ့ကာကွယ်တော(ပြင်) ၂၀၀၉ ခုနှစ် ကျေးရွာသုံးယူကလစ်စိုက်ခင်းကေ ၃၀၀ သို့ လည်းကောင်း၊ ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ၈ ကေ နွေရာသီယူကလစ် အကြိုစိုက်ခင်း၊ ကေ ၃၀၀ ယူကလစ်စိုက်ခင်းများသို့ လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရေနံချောင်းမြို့နယ် သစ်ခုတ်ကြေးရိုးယာ ကေ ၅၀၀၊ ချောက်မြို့နယ် ငွေးပင်ရွာသစ်ကျေးလက်အိမ်ရာထူထောင်ရေး ယူကလစ်စိုက်ခင်းနှင့် ချောက်မြို့နယ် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ညောင်ဦးမြို့နယ် ကမ္ဘားနီဒေသခံ ပြည်သူ အစုအဝေး ပိုင် သစ်တောတည်ထောင်ခြင်း ၂၀၀၉ ခုနှစ် ကျေးရွာသုံး ထင်းစိုက်ခင်း ၇၅၈က (ဟက်တာ၃၀)သို့လည်းကောင်း၊ ညောင်ဦးမြို့နယ် မြကန်နှင့် တရုင်တောင် စိမ်းလန်းနေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးသည်။

စံပြလက်ဖက်စိုက်ခင်း

ယင်းနောက် ဝန်ကြီးသည် ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် သစ်တော စိုက်ခင်းတစ်ကေ၊ ရွာလှကျေးရွာကျေးရွာပိုင် ယူကလစ် စိုက်ခင်းတစ်ကေနှင့် ကျေက်ပန်းတောင်းမြို့နယ် ပမ္ဘားတောင်ဘယ်ဘက်ပိုင်း တင်ငင်းထွန်းကုမ္ပဏီ ပမ္ဘားတောင် စံပြလက်ဖက်စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့နေချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ၈လိုင် ၈

ရှေ့နေချုပ်ရုံး၏ တတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါရုံးအနီးစိုက်ခင်း၌ ကျင်းပရာ ရှေ့ဦးစွာ ရှေ့နေချုပ် ဦးသောမောင်(**အပေါ်ဝဲ**)၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းနှင်နှင့် ဦးထွန်းထွန်းဦးတို့က သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့သည် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများတွင် ပျိုးပင်များအား စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းကတိုး၊ စိန့်ပန်း၊ ပိတောက်၊ ဥနဲ့၊ တမာ၊ ဓနဂေါ်အစရှိသော ပျိုးပင်ပေါင်း ၇၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

● ရှေ့နှံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဘသေးနှင့် အဖွဲ့ဝင်များသည် ကမ်ပက်လက်မြို့နယ် အမှတ်(၂)ရပ်ကွက်၌ ကျင်းပသည့် စုပေါင်းလက်ဖက်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ လက်ဖက်စိုက်ပျိုးများကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တပျော်တပါး၊ စုပေါင်းလက်ဖက် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးဘသေးသည် ကမ်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်း၏ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဘသေးသည် မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက် လူနာများအား အားပေးစကားပြောကြားပြီး ဆေးပဒေသာ ပင်အလှုငွေများနှင့် ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်၍ ဆေးရုံ၏ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့ဓတ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးဘသေးသည် ကမ်ပက်လက်မြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်ဓေးလုပ်ငန်း ပညာသင် ကျောင်း၌ သင်တန်းသူများ၏ အခြေခံနှင့် အဆင့်မြှင့် သက်ဓေး စက်ချုပ်ပညာ သင်ကြားနေမှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းဆရာမများ အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဘသေးသည် ကမ်ပက်လက်မြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယဝန်ကြီးချုပ် ဒေါက်တာသိန်းဝင်းနှင့် တွေ့ဆုံခဲ့ပြီး ကမ်ပက်လက်မြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ၊ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးအခြေအနေများနှင့် ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးဘသေးအား ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဘသေးနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့(၉)မိုင်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဘော်ဒီးခြံ၌ ကျင်းပသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းလက်ဖက်စိုက်ပျိုးခဲ့ကြောင်း၊ ဒေသခံပြည်သူများ၏ တပျော်တပါး စုပေါင်းလက်ဖက်ပျိုးပင် စိုက်ပျိုးနေမှုတို့ကို အားပေးပြီး လက်ဖက်ပျိုးပင်များနှင့် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖြေသားနံရံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးဘသေးသည် မင်းတပ်-မတူပီ ကားလမ်းအခြေအနေနှင့် ဖြေသားနံရံ ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် ဆော-ကန်ပက်လက်လမ်းအတိုင်း ထွက်ခွာလာရာ မြိုတိုင်းအမှတ်(၇၀) ၌ လမ်းပိုင်း အခြေအနေများကို လည်းကောင်း၊ ဆော-မင်းတပ်လမ်းပိုင်း အခြေအနေများကို လည်းကောင်း၊ မင်းတပ်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၉-၇-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိုက်တရားတော် ဟောဆရာတော် ဟောကြားတော်မူသော ဥပုဒ်ကသို့ပါဠိတော်

၇း၃၀ ၂။ နံနက်ခင်းသတင်း

၈း၀၀ ၃။ မံဃောင်တံတား

၈း၁၅ ၄။ အတီးပြိုင်ပွဲ

၈း၂၅ ၅။ **မနီဧလောအရှိန်**

၈း၄၀ ၆။ International News

၈း၅၀ ၇။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေးစစ်သည်တေး

၄း၁၀ ၂။ ချစ်စရာအရွယ်ကကြိုးသွယ် ဘောသဲသာ

၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ

၄း၂၅ ၄။ တေးဂီတအစီအစဉ်

၄း၄၀ ၅။ အဝေးသင်တန်းသို့လိ ပညာရေး ရပ်မြင်သံကြား သင်ခန်းစာ (ပထမနှစ်)(သချာဓာတုဗေဒ၊ ရူပဗေဒ၊ စီးပွားရေးပညာ။ စီးပွားစီမံ၊ ပြည်သူ့ရေးရာ အထူးပြုများ)(သင်္ချာ)

၅း၀၅ ၆။ ဗျိုးချစစ်တိမ်ဓာတ် ရှင်းသန့် ထက်မြက်ရေးတေးများ

၅း၁၀ ၇။ သဘာဝပတ်ဝန်းကျင်နှင့် ကြွယ်ကြွယ်ဆိတ်

၅း၂၀ ၈။ တေးဂီတအစီအစဉ်

၅း၃၀ ၉။ **တားဆီးကာကွယ် လူတိုင်းတွေး အန္တရာယ်**

၅း၄၀ ၁၀။ ကြယ်မွှင့်များရဲ့ ရင်ခုန်သံ

၆း၀၀ ၁၁။ ညနေခင်းသတင်း

၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၃။ ဟော့ခွင်စေသော နေ့ရက်များ **တန်ပြန်ပိုးမည်း** (အပိုင်း-၂) စိုးရန်အောင်၊ ပြည့်ဖူးနိုင်၊ ခင်မိုမိုးအား (ဒါရိုက်တာ-အောင်ကျော်သူရ)

၇း၀၀ ၁၄။ ထူးဆန်းထွေလာများကို သိမ့်ဖြင့် ချဉ်းကပ်ခြင်း

၇း၂၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံးတစ်ယောက်တည်း** (အပိုင်း-၁)

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၃၈)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ၈လိုင် ၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာဂွကွက်ကျား၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက် ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။

မုတ်သုံးဖွယ်ရာဆိုးရွားရန်ိုးများမှာ ကိုကိုးကျွန်းမြို့တွင် ၂၃သမဝ်ဝလက်မ၊ သံတွဲမြို့တွင် ၂၃သမ၁လက်မ၊ စစ်တွေမြို့တွင် ၂၃သမ၀၅လက်မ၊ ဂွမြို့တွင် ၁၃သမဝ်၄လက်မ၊ ရေးမြို့တွင် ၁၃သမ၃၄လက်မ၊ မင်းကူးမြို့တွင် ၀၃သမ ၀၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကမ္ဘလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ဧရာဝတီ ဇရုတ် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း ဆောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာဂွကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာဂွကွက်၍ မိုးကြိုးနိုင်သည်။ ရွာလုံရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ပြေပြင်ပြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဆောက်ခန့်စီရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာဂွကွက်ကျား မိုးရွာမည်။ ရွာလုံရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်ခန်ကြွဲမိုးရွာမည်။ ရွာလုံရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာဂွကွက်ကျား မိုးရွာနိုင်သည်။ ရွာလုံရာနှုန်း ၆၀ ဖြစ်သည်။

အီရတ်၊ အာဖဂန် သတင်းများ

အီရတ်မှအမေရိကန်တပ်ဖွဲ့များ စတင်ရုပ်သိမ်း အကြမ်းဖက်မှုများ နိုင်ငံအနှံ့ ဆက်တိုက်ဖြစ်ပွားနေ

ဘဂ္ဂဒက် ၈လိုင် ၈

ပဋိပက္ခများဖြင့် ထူပြောနေသော အီရတ်နိုင်ငံတွင် ၈လိုင် ၂ရက်က အဆက်မပြတ် ဖြစ်ပွားနေသည့် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လေးဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်း၌ဆိုပြသည်။

ဘဂ္ဂဒက်မြို့ အလယ်ပိုင်း အယ်လ်ကာရာခါအရပ်တွင် ယင်းနေ့က အီရတ်တပ်ဖွဲ့ ကင်းလှည့်ကားအနီး လက်လှမ်းမှီး (အိုင်အီးဒီ)ပေါက်ကွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည်။

သေဆုံး

လူနာတင်ယာဉ်များက ဒဏ်ရာရရှိသူများအား အနီးရှိဆေးရုံတစ်ရုံသို့ အလျင်အမြန်ပို့ဆောင်နေစဉ်တွင် လုံခြုံရေးတပ်ဖွဲ့က အခင်းဖြစ်အရပ်ကို ထိန်းသိမ်းပိတ်ဆို့ထားခဲ့သည်။ ယင်းနေ့က ကယ်ကွတ်မြို့ အနောက်တောင်ဘက်ရှိ အယ်လ်ဝါဆီတီ ဒေသတွင် သေနတ်သမား တစ်ဦး၏ ပစ်ခတ်မှုကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့သည်။

ထို့အတူ ဖလူဇာမြို့ အလယ်ပိုင်း အယ်လ်ဂျဲဟိုရီယာအရပ်တွင် အီရတ် ထောက်လှမ်းရေးအရာရှိ၏ ကားအတွင်း ဗုံးထောင်ကာ လုပ်ကြံခဲ့သော်လည်း ၄ဦး သည် အသက်အေးမှ လွတ်မြောက်ခဲ့သည်။

ယင်းဗုံးပေါက်ကွဲသည့် ဖြစ်စဉ်တွင် ၄ဦး၏ယာဉ်မောင်းနှင့် ကိုယ်ရံတော်တစ်ဦး သေဆုံးပြီး အရပ်သား ၎င်း၃ဦးဒဏ်ရာရရှိခဲ့ကြောင်း မိုလ်မှူးကြီး ဒါဝှဒ်အယ်လ်မာရာဝီက ဖွိုက်စ်အော့ဖ်အီရတ် သတင်းဌာနသို့ ပြောကြားခဲ့သည်။

အီရတ်နိုင်ငံမြောက်ပိုင်း ဒီယာလာပြည်နယ် အယ်လ်အီဘာရာဟီဒီယာမြို့တွင် လက်လုပ်ဗုံး(အိုင်အီးဒီ) တစ်လုံးပေါက်ကွဲခဲ့သော ဖြစ်စဉ်တစ်ခုဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

တာဂန့်ပွဲပြောင်း

အမေရိကန်တို့ အီရတ်မှ စတင် ဆုတ်ခွာနေသည့်အချိန်တွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးတာဂန့်ပွဲပြောင်းရယူရေး အဆင်သင့်ဖြစ်နေပြီဆိုခြင်းမှာ မေးခွန်းထုတ်စရာ အများအပြား ဖြစ်ပေါ်နေကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။ **(ဆင်တာနက်)**

အာဖဂန်နဒ္ဓတန်နိုင်ငံ ခွိန်ပြည်နယ်၌ အသေခံဗုံးဖောက်ခွဲမှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိသူတစ်ဦးအား အရေးပေါ်ကုသနေရသည်ကို တွေ့ရစဉ်။
(ဆင်တာနက်ဓာတ်ပုံ)

အာဖဂန်နဒ္ဓ အကြမ်းဖက်မှုများ အဆက်မပြတ်ဖြစ်ပွား

ခွိန် ၈လိုင် ၈

အာဖဂန်နဒ္ဓတန်နိုင်ငံ အရှေ့ပိုင်း ခွိန်ပြည်နယ်၌ ၈လိုင် ၇ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ကို ပစ်မှတ်ထားလျက် ဗုံးဖောက်ခွဲတိုက်ခိုက်ရာ အရပ်သားတစ်ဦး သေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူများတွင် အရပ်သားအများ အပြားပါဝင်ကြောင်း ရဲတပ်ဖွဲ့ကမြောကြား သည်။

မြေမဲမသက်မှုများဖြစ်ပွား

အာဖဂန်နဒ္ဓတန်နိုင်ငံ လုံခြုံရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင် ၂၁၀၀၀ ထပ်မံ စေလွှတ်မည်ဖြစ်ကြောင်း အမေရိကန် အုပ်ချုပ်ရေးဌာနမှ ထုတ်ပြန်ကြေညာခဲ့ရာ ယခုလဆန်းပိုင်းမှစ၍ ဟယ်လ်မန်ပြည်နယ် နှင့် မြို့ကြီးများတွင် မငြိမ်မသက်မှုများ ပိုမိုဖြစ်ပွားခဲ့သည်။

ပိုမိုလုပ်ဆောင်

တာလီဘန်လက်နက်ကိုင်များကလည်း ဗုံးဖောက်ခွဲမှုများ အဆက်မပြတ် ပိုမိုလုပ်ဆောင်လာကြသည်။

(ဆင်တာနက်)

ကားဗုံးပေါက်ကွဲ

အာဖဂန်နဒ္ဓတန်နိုင်ငံ ဟယ်လ်မန်ပြည်နယ်၌ နေ့ကုန်တပ်ဖွဲ့အခြေစိုက်စခန်းအပြင်ဘက်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး အများက်အစီးများကို တွေ့ရစဉ်။
(ဆင်တာနက်ဓာတ်ပုံ)

အီရတ်၌ ဗုံးဖောက်ခွဲမှုများ အရှိန်မြင့်လာ

မိုဆူးလ် ၈လိုင် ၈

အီရတ်နိုင်ငံ၏ တတိယအကြီးဆုံးမြို့တော် မိုဆူးလ်တွင် ၈လိုင် ၆ ရက်က ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်တာနက်သတင်း၌ ဖော်ပြသည်။

ပစ်မှတ်ထား

အဆိုပါဖြစ်ရပ်မှာ မိုဆူးလ်မြို့ တောင်ပိုင်း ဂါဒီဟာဂျာအရပ်၌ ယင်းနေ့က ရဲကင်းလှည့်ကားကို ပစ်မှတ်ထားကာ ကားဗုံးခွဲတိုက်ခိုက်ရာမှ အရပ်သား အများအပြား ဒဏ်ရာရရှိခဲ့သည်။

မျက်မြင်သက်သေ

မိုဆူးလ်မြို့အနောက်ပိုင်းရှိ တာဓော့ဓ်ခရိုင်တွင် ယင်းနေ့က သေနတ်သမားများ ပစ်ခတ်မှုကြောင့် အရပ်သား၁၀ဦး သေဆုံးခဲ့သည်။ ၄ဦးသေနတ်သမားများသည် အရပ်သားသေဆုံးမှုဖြစ်ပွားပြီးနောက် အခင်းဖြစ်အရပ်မှ ထွက်ပြေးသွားခဲ့ကြကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

လှုပ်ရှားရာနေရာ

စစ်ကြောင့် ကြေမွပျက်စီးနေသော အီရတ်နိုင်ငံတွင် မိုဆူးလ်မြို့နှင့် ယင်းဝန်းကျင်သည် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားရာဒေသများဖြစ်လာပြီး အယ်လ်ခိုင်ဒါနှင့် အဆက်အဆံရှိသော အကြမ်းဖက်သမားများ နှိမ်ဆောင်းနေထိုင် လှုပ်ရှားရာနေရာများလည်း ဖြစ်လာသည်။ **(ဆင်တာနက်)**

အာဖဂန်၌ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ပြည်သူအများ လူမှုဒုက္ခကြုံတွေ့နေကြရ

ကဘူးလ် ၈လိုင် ၈

အာဖဂန်နဒ္ဓတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်ရှိ အဓိကလေဆိပ်ကိုပစ်မှတ်ထားလျက် ၈လိုင် ၆ရက် နံနက်ပိုင်းက အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူနှစ်ဦးသေဆုံးပြီး ၁၂ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ယင်းနေ့နံနက် ၇ နာရီက ကန်ဒါဟာလေဆိပ်အနီး၌ စစ်သွေးကြွတစ်ဦးက မိမိ ဘတ်စ်ကားဖြင့် ဖြတ်သန်းမောင်းနှင်ပြီး အသေခံဗောက်ခွဲ တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ချက်ချင်းပင် လေဆိပ် စစ်ဆေးရေး ဂိတ်များကို ပိတ်ထားလိုက်ရကြောင်း ဒေသဆိုင်ရာ အာဖဂန် လုံခြုံရေးအထူးတပ်ဖွဲ့မှ တပ်မှူးရှိရာမိုဟာ မက်ဓာဇီက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

ကန်ဒါဟာ

အာဖဂန်နဒ္ဓတန်နိုင်ငံ၌ အမေရိကန်တပ်စစ် အခြေစိုက်စခန်းဌာနချုပ်ကြီး တည်ရှိရာ ဘာဂရမ်မြို့ပြီးလျှင် ဒုတိယ အကြီးမားဆုံး စစ်ဌာနချုပ် တည်ရှိရာ မြို့မှာ ကန်ဒါဟာမြို့ ဖြစ်သည်။

တည်ငြိမ်မှုကင်းမဲ့

အာဖဂန်၌ ၂၀၀၁ခုနှစ်မှ စတင်ကာ အမေရိကန် ဦးဆောင် သောတပ်များ ဝင်ရောက်ကတည်းက အကြမ်းဖက်တိုက်ခိုက်မှုများ၊ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများနှင့် လမ်းဘေးဗုံး ပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိရာ ပြည်သူအများ လူမှုဒုက္ခမျိုးစုံ ခံစားနေကြရပြီး ယခုတိုင် တည်ငြိမ်မှု ကင်းမဲ့လျက်ရှိသည်။

ထို့ပြင် အမေရိကန်တပ်များက လေကြောင်းမှ မှားယွင်းစွာ ပစ်ခတ်မှုများကြောင့် အာဖဂန်ပြည်သူများ အသက်ဆုံးရှုံးမှုများ ကြုံတွေ့ခံစားရပြီး မိမိနေရပ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်း နေထိုင်ကြရသဖြင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။ **(အင်တာနက်)**

ကြေကွဲဝမ်းနည်း

အီရတ်နိုင်ငံ ဘာဂူဘာမြို့၌ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် အီရတ်ပြည်သူတစ်ဦး၏ မိသားစုဝင်၏ ကြေကွဲဝမ်းနည်းမှုမြင်ကွင်းကို တွေ့ရစဉ်။
(ဆင်တာနက်ဓာတ်ပုံ)

တည်ငြိမ်မှုကင်းမဲ့နေသည့် အီရတ်နိုင်ငံ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများသေဆုံးမှု ဖြစ်ပေါ်နေ

ဘဂ္ဂဒက် ၈လိုင် ၈

အီရတ်နိုင်ငံ နေရာအနှံ့အပြားသို့ အသေခံဗုံးခွဲမှု၊ ကားဗုံးခွဲမှု၊ လမ်းဘေးဗုံးထောင်မှု၊ ပြန်ပေးဆွဲလှယ်ကူမှုနှင့် ချုပ်ငြိတိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပေါ်လျက်ပင် ရှိသေးသည်။ ၈လိုင် ၇ရက်ကလည်း ယင်းသို့အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူခြောက်ဦးသေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဘဂ္ဂဒက် – ဘဂ္ဂဒက်မြို့တော် အင်ဟာဗီယာစစ်ဆေးရေးဂိတ်တွင် ဖြစ်ပွားသော တိုက်ပွဲ၌ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦးတို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

မိုဆူးလ် – မိုဆူးလ်မြို့ရှိ သေနတ်သမားများပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် သေနတ်သမားတစ်ဦးသေဆုံးခဲ့သည်။ သေဆုံးသည့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးမှာ သားအဖများဖြစ်ကြသည်။ နောက်ထပ် ဖြစ်ပွားသော တိုက်ခိုက်မှုတစ်ရပ်၌လည်း အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသည်။

ဘာဂူဘာ – ဘာဂူဘာမြို့၌လည်း သေနတ်သမားများပစ်ခတ်မှုကြောင့် အရပ်သား တစ်ဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဓစ်ဆန် – ဓစ်ဆန်ပြည်နယ်တွင် ဒုံးကျည်များဖြင့် ရဲစခန်းကို တိုက်ခိုက်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှု မရှိဟုဆိုသည်။ (ဆင်တာနက်)

အပြစ်မဲ့ကလေးငယ်

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ကလေးငယ်တစ်ဦး အသက်ဆုံးရှုံးရသည့်မြင်ကွင်းမှာ…
(ဆင်တာနက်ဓာတ်ပုံ)

ဗန်ကူးဗား ဆောင်းရာသီအိုလံပစ်ပွဲတော်တွင် လုံခြုံရေးကင်မရာ အလုံး ၉၀၀ကျော် တပ်ဆင်မည်

ဗန်ကူးဗား ၉လိုင် ၈

ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့၌ ၂၀၁၀ပြည့်နှစ် ဆောင်းရာသီ အိုလံပစ်ပွဲတော်ကျင်းပမည့် နေရာဝန်းကျင်တွင် လုံခြုံရေးကင်မရာ အလုံး ၉၀၀ကျော် တပ်ဆင်တားမည်ဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများက ထုတ်ပြန်ကြေညာသည်။

အားကစားပွဲများ ကျင်းပပြီးစီးပါက ယင်းကင်မရာများအား လုံခြုံရေးနှင့် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အားကစားပွဲတော် လုံခြုံရေးဌာန အကြီးအကဲ ဘက်မာစာက ပြောကြားသည်။

စောင့်ကြည့်

ကင်မရာ အလုံး ၇၀ခန့်ကို မြို့လယ်ကောင်ရှိ လမ်းမများ၌ အားကစားပွဲကျင်းပနေချိန်အတွင်း ရဲတပ်ဖွဲ့မှ ထိန်းချုပ်ကာ စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

စီစဉ်ထား

လုံခြုံရေးကင်မရာများကို ယာယီ အသုံးပြုရန်သာဖြစ်သော်လည်း နောက်ပိုင်း တွင် ယာဉ်စည်းကမ်း စောင့်ကြည့်ရေး ကင်မရာများအဖြစ် အသုံးပြုရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)



ပြင်သစ်နိုင်ငံ ပါရီမြို့၌ အရောင်းဖြင့်တင်ရေး အစီအစဉ်အဖြစ် ပြသထားသည့် ပီးကော့ဒဲကားတစ်စီးကို ဓာတ်ပုံရိုက်ကူးရေးရိုက်နေစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြင်သစ်လုပ် ပီးကော့ဒ်ကားများ ရောင်းအားကျဆင်း

ပါရီ ၉လိုင် ၈

ပြင်သစ်နိုင်ငံ၏ အကြီးဆုံးမော်တော်ကားလုပ်ငန်း ပီအက်စ်အေပီးကော့ဒ်စီထရွန်ကုမ္ပဏီအနေဖြင့် ကမ္ဘာ့စီးပွားရေးပြဿနာများကြောင့် ယခုနှစ်ဝက်အတွင်း ကမ္ဘာတစ်နှံ့၌ ၄င်း၏ မော်တော်ကားရောင်းအား ၁၄ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း ၉လိုင် ၈ရက်တွင် ပြင်သစ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဥရောပနိုင်ငံများတွင် ပီးကော့ဒ် ကားရောင်းအားမှာ ၁၄၃သန ၇ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဥရောပမှအပ အခြားနိုင်ငံများ၌မူ ၂၁သန၇ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ပီအက်စ်အေက ပြောကြားသည်။

မြေ့တက်လာ

သို့ရာတွင် ယခုနှစ်ဝက်အတွင်း တရုတ်နိုင်ငံမှ ပီးကော့ဒ်စီထရွန်ကားများ မှာယူတင်သွင်းမှုမှာ ၁၃ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။ ပီးကော့ဒ်ကား ရောင်းချမှုမှာ ဇွန်လအတွင်း ပြင်သစ်၌ ၇၁သမဝရာခိုင်နှုန်းနှင့် ဂျာမနီ၌ ၄၀ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ (အင်တာနက်)

တရုတ်နိုင်ငံ ရွှန်တုံပြည်နယ် ရိုးရာယဉ်ကျေးမှုပွဲတော်တွင် ရိုးရာယဉ်ကျေးမှု အကပဒေသာအဖွဲ့၏ ပါဝင် ဖျော်ဖြေမှုတစ်ရပ်ကို ၉လိုင် ၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကိုလံဘီယာ စစ်ဆင်ရေးတိုက်ပွဲများ ယခုနှစ် ပထမနှစ်ဝက်၌ အောင်မြင်စွာနှိမ်နင်း

ဘိုဂိတာ ၉လိုင် ၈

ကိုလံဘီယာနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း အကြမ်းဖက်နှိမ်နင်းသည့် စစ်ဆင်ရေးများ၌ အကြမ်းဖက်သမား ၁၀၀၀ဝကို ထိရောက်အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့ကြောင်း ၉လိုင် ၆ရက်က စစ်ဘက်ဆိုင်ရာ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

ယင်းကာလအတွင်း ကိုလံဘီယာ၌ တိုက်ပွဲပေါင်း ၈၃၄ ကြိမ်ဖြစ်ပွားရာတွင် အကြမ်းဖက်မှုနှိမ်နင်းခြင်း၊ မူးယစ်ဆေးဝိုရိများအား စစ်ဆင်ရေးပြုလုပ်ခြင်းနှင့် အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်းခြင်းတို့ ပါဝင်သည်။

ဆစ်ကအားဖြင့် ၄င်းစစ်ဆင်ရေးတိုက်ပွဲများအတွင်း အကြမ်းဖက်သမားများ စခန်းချထားရာ ဝါဂျခုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အိရတ်ပြည်သူများသေဆုံး။ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒတ် ၉လိုင် ၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေစဉ်သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ၉လိုင် ၇ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၇ဝဝ၃ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၅၆၂၇၉ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအီရတ်ပြည်သူများ	၆၉၇ဝ၃ဝ၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၅၆၂၇၉ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး။ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူလ် ၉လိုင် ၈

အာဖဂန်နဒူတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေစဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု

အာဖဂန်နဒူတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ပြီး ၉လိုင် ၇ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၈၁၀၉ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၆၆၉၅ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအာဖဂန်ပြည်သူများ	၈၁၀၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၁၆၆၉၅ ဦး

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - ချစ်စိုးနိုင်

ပါကစ္စတန်တောင်ဝါဇီရစ္စတန်၌ စစ်ပွေးကြွ ရှစ်ဦးသေဆုံး

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း၌ တောင်ဝါဇီရစ္စတန်ပြည်နယ် လှုပ်ရှားစုများနေထိုင်ရာဒေသတွင် အမေရိကန်တို့၏ ဓောင်းသူခဲမဲ့လေယာဉ်က ပစ်ခတ်တိုက်ခိုက်မှုကြောင့် စစ်ပွေးကြွ ရှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသခံပိုရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် သန်း ၁၇၀ ကုလသမဂ္ဂသုံးစွဲမည်

နီပေါရှိ ကုလသမဂ္ဂမစ်ရှင်(ယူအင်နှိုအမ်ဆိုင်အမ်)သည် နီပေါနိုင်ငံ၏ ငြိမ်းချမ်းရေးစီမံကိန်းအတွက် လွှဲနှံခဲ့သော နှစ်နှစ်ခွဲကာလအတွင်း အမေရိကန်ဒေါ်လာ ၁၅၆သန်းသုံးစွဲခဲ့ပြီး နောက်လာမည့် ခြောက်လတာကာလအတွင်း သန်း ၁၇၀ပြည့်အောင် ဆက်လက်သုံးစွဲသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဘရာဇီး ဂွာရာနီ၌ ရေနံ၊ သဘာဝဓာတ်ငွေ့ မတွေ့ရှိ အမေရိကန် ဟက်စ်ကော်ပိုရေးရှင်းက သတင်းထုတ်ပြန်

ဘရာဇီးနိုင်ငံ ဂွာရာနီရေနံမြေ၌ ရေနံရှာဖွေရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ တွေ့ရှိခြင်းမရှိကြောင်း၊ ဗီတာ ၅၀၀ဝအနက်ရောက်အောင်ထူသော်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ တစ်စုံတစ်ရာမျှ မတွေ့ရှိခဲ့သဖြင့် ယင်းရေနံတွင်းများကို ပိတ်ပစ်ခဲ့ရကြောင်း အမေရိကန်ရေနံကုမ္ပဏီ ဟက်စ်ကော်ပိုရေးရှင်းက သတင်းထုတ်ပြန်သည်။

A(H1N1)ကြောင့် အာဂျင်တီးနားစီးပွားရေးကျဆင်း

အာဂျင်တီးနားနိုင်ငံတွင် A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် လအလိုက် ပီဆို ရှစ်ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၁သန ၅၇၁ဘီလီယံ)ဆုံးရှုံးစရိန်းခဲ့ရကြောင်း အာဂျင်တီးနား သုတေသနဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံတကာ ကုန်သွယ်မှုကဏ္ဍ စင်ကာပူနှင့် ဟောင်ကောင်တို့ ထိပ်ဆုံး၌ရပ်တည်

နိုင်ငံတကာ ကုန်သွယ်မှုတွင် စင်ကာပူနိုင်ငံနှင့် တရုတ်ဟောင်ကောင်ဒေသတို့သည် အထူးစီမံခန့်ခွဲနိုင်သည့် ဒေသများအဖြစ် ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နေကြကြောင်း၊ ယင်းတို့၏ ဓောက်တွင် ဆွစ်ဇာလန်နှင့် ဒိန်းမတ်နိုင်ငံတို့ လိုက်နေကြောင်း ကမ္ဘာစီးပွားရေး ဖိုရမ်(ဒဗလျူအီးအက်ဖ်)က သတင်းထုတ်ပြန်သည်။

ဖလော်ရီဒါ၌ A(H1N1) ကြောင့် တစ်ဦးသေဆုံး

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဆောရှင်ကြိမ်စုံ၌ ၁၉နှစ်အရွယ် မိန်းကလေးတစ်ဦးသေဆုံးခဲ့ရာ အဆိုပါ မိန်းကလေးသည် ၄င်းပြည်နယ်တွင် A(H1N1) ရောဂါကြောင့် ခြောက်ဦးမြောက် သေဆုံးသူဖြစ်လာကြောင်း ဖလော်ရီဒါ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

တရုတ်အလယ်ပိုင်း ဟူနန်၌ ပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်၏မြို့တော် ချန်ရှာမြို့ ဟင်းသီးဟင်းရွက်လက်ကားဈေးတစ်ဆေး၌ ၉လိုင် ၈ရက် နံနက်က ပေါက်ကွဲမှုဖြစ်ပွားရာ ၅စုံဦး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

တရိုးနီးယားပြည်နယ်၌ ယာဉ်မတော်တဆမှုဖြစ်ပွား

အမေရိကန်နိုင်ငံ တရိုးနီးယားပြည်နယ် အနောက်ဆော့စတာဒေသ၌ ကားတစ်စီး အမှိန်လွန်၍ လမ်းဘေးသို့ထိုးကျရာ ကားပေါ်တွင် လိုက်ပါလာသူ၅စီး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**



ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ၈လိုင် ၈

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၉ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ၈လိုင် ၇ရက် နံနက် ၇နာရီခွဲက နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ၎ျိပိတ်ဆည်းအိမ်ရှိ နှစ်ရှည်သစ်စိုက်ခင်းဧရိယာတွင်းရော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဇင်က ကိုက်ပင်ကို အထိမ်းအမှတ်အဖြစ် စတင်စိုက်ပျိုး၍ ဖွင့်လှစ်ပေးသည်။

အထိမ်းအမှတ်

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာအသီးသီး၌ အထိမ်းအမှတ် သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းမိသားစုများက သစ်ပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျန်း၊ မကော်ဂနီ၊ ကုံကော်၊ ပိတောက်၊ ခရေ၊ စိန့်ပန်း၊ မန်ကျည်း၊ စွယ်တော်၊ သရက်၊ တမာ၊ တရုတ်စကား၊ မာလကာ၊ ပိန္နဲစသည့် အမျိုးပေါင်းကာပင် ပျိုးပင်စုစုပေါင်း ၉၇၇ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှု

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တာမွေမြို့နယ်ယုနေပလာဈာ ရွှေမှ အောင်မင်္ဂလာလမ်း အထိ မြေအောက် ရေနုတ်မြောင်းပြုပြင်ခြင်းနှင့်လမ်းတော ရေနုတ်မြောင်းတိုးချဲ့ခြင်းလုပ်ငန်းများ ကိုကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ၈လိုင် ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းက တာမွေမြို့နယ် ယုနေပလာဈာအနီး ဗညားဒလလမ်း မိုးရာသီကာလ၌ ရေလျှံမှု မရှိစေရေးအတွက် ဗညားဒလလမ်းတော ရေနုတ်မြောင်းကို အကျယ် လေးပေနှင့် အနက် ခုနစ်မပေါ့ အုတ်ရေနုတ်မြောင်း တိုးချဲ့ဖောက်လုပ်နေမှုနှင့် အောင်မင်္ဂလာ မြေအောက်ရေနုတ်မြောင်း ရေစီးရေလာ အခြေအနေများကို လည်ကောင်း၊ ဧရိယာ/မြို့နယ် ရှုစိုမိုလမ်းဆုံးအနီး ပြည်လမ်း ဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အရည်ပေ ၁၀၀၊ အကျယ်နှင့် အနက်ငါးပေစီရှိ ပြည်လမ်းဖြတ် မြေအောက်ရေနုတ်မြောင်း ပြုလုပ်နေမှုကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



ငါးရစ်ငါးသန်း ဘေးမဲ့ချန် ပုံမှန်စားသုံးမျိုးမသုဉ်း

မြန်မာ့ပင်လယ်ပြင်၌ ရေနံပုစွန်သားပေါက်မျိုးစိုက်ထည့်

ပုသိမ် ၈လိုင် ၈

မြန်မာ့ပင်လယ်ပြင် ရေသယံဇာတများ တိုးပွားရေး အထွက်နှုန်းတိုးစေရန် ရည်ရွယ်ချက်ဖြင့် ရောဝတီတိုင်း ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဆောင်၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများက မြန်မာ့ပင်လယ်ပြင်၌ ရေနံပုစွန်သားပေါက်မျိုး စိုက်ထည့်ခဲ့အခမ်းအနားကို ဇွန် ၂၈ ရက် နံနက်က ပုသိမ်မြို့နယ် ငွေဆောင်မြို့သစ်ကျေးရွာ သစ်ချောင်းအတွင်း ရေလန်ပုစွန်သားပေါက်ကောင်ရေ လေးသိန်းကို ကမ်းခြေတစ်လျှောက် မျိုးများစိုက်ထည့်လွှတ်ပေးသည်။

စိုက်ထည့်

အဆိုပါပုစွန်သားပေါက်မျိုးစိုက်ထည့်ရာသို့ ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးဆောင်မျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ နှင့်ပြည်သူများ စုစုပေါင်းအင်အား ၁၅၀ တို့က မျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရောဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဆောင် ရေနံ ပုစွန်သားပေါက်မျိုး စိုက်ထည့်စဉ်။ (ခရိုင် ပြန်/ ဆက်)

ဗြောင်းမြမြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ၈လိုင် ၈

မြောင်းမြမြို့နယ် သစ်တောဦးစီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲကို ဇွန်၂၀ရက်က မြောင်းမြမြို့နယ် ပြင်ဦးကျေးရွာ တွဲဖက်အထက်တန်းကျောင်းရှေ့ ကားလမ်းဘေးအနီး၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အစီအစဉ်အရ မြောင်းမြခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ခရိုင်ပညာရေးမှူးတို့က အစိုပိုရ လေကာပင်၊ ယူကလစ်ပင်၊ ပင်လယ်များကို စိုက်ပျိုးပေးပြီး(**အောက်ပုံ**)ကျေးရွာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျေးရွာအဝင် ကားလမ်းဘေးဝဲယာတစ်လျှောက် ယူကလစ်ပင် ၁၂၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးကုန်ထုတ်လုပ်မှု ပိုမိုတိုးမြှင့်ထုတ်လုပ်ရေး ကြီးထွားနှုန်းကောင်း ငါးမျိုးစုံစိုက်ထည့်မွေးမြူ

ညောင်တုန်း ၈လိုင် ၈

ညောင်တုန်းမြို့နယ်အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ငါးသယံဇာတများ တိုးပွားရေး၊ ငါးမျိုးစိုက်ထည့်မွေးမြူခြင်းဖြင့် ငါးကုန်ထုတ်လုပ်မှု ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေးတို့အတွက် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်၊ ဒုတိယဦးစီးမှူး ဦးစိုးဝင်းတို့ ပါဝင်သောအဖွဲ့သည် ညောင်တုန်းမြို့နယ်အတွင်းရှိ ငါးမွေးမြူရေးဆိုင်ရာ လေ့လာစစ်ဆေးခဲ့ကြကြောင်း သိရသည်။ (**အောက်ပုံ**)

မြင့်မားတိုးတက်

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ဒုတိယဦးစီးမှူး ဦးစိုးဝင်းတို့ ပါဝင်သောအဖွဲ့သည် ညောင်တုန်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်၏ မြစ်ကျိုးထုံး ဖြစ်သော ဂျုံးဂျုံးကွထုံးတင်ဒါချက်သို့ ၈လိုင် ၄ရက်က ရောက်ရှိပြီး အင်းသားကြီးများနှင့်တွေ့ဆုံကာ အင်းချောင်းများ အတွင်းသို့ သဘာဝအင်းငါးများအပြင် မွေးမြူရေး ငါးခုံးမ၊ တီလားဒီးယား၊ ငါးမြစ်ချင်းစသော ငါးမျိုးများ စိုက်ထည့်မွေးမြူခြင်းဖြင့် ပိုမိုအကျိုးအမြတ်ရရှိနိုင်ကြောင်း၊ သဘာဝအင်းချောင်းများ အတွင်း၌ စိုက်ထည့်မွေးမြူသော ငါးမျိုးများမှာ အစာကျွေးရန် မလိုဘဲ ကြီးထွားနှုန်းပိုမို ကောင်းမွန်ကြောင်း၊ ငါးကုန်ထုတ်လုပ်မှု ပိုမိုမြင့်မား တိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြား သည်။

အကျိုးအမြတ်

ဒေသခံအင်းသားကြီး ဦးဝင်းမြင့်က မိမိတို့လုပ်ကိုင်လျက် ရှိသော အင်းချောင်းများ၊ ထုံးချောင်းများအတွင်းသို့ ငါးမျိုးစုံ စိုက်ထည့်မွေးမြူခြင်းဖြင့် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်၍ ငါးမျိုးစုံ စိုက်ထည့်မွေးမြူသွားမည်ဖြစ်ကြောင်း ဖိတ်အား ထက်သန်စွာ ပြန်လည်ပြောကြားသည်။

(၁၅၂)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ရေဦးမြို့၌ ကျင်းပ

ရေဦး ၈လိုင် ၈

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှဦးဆောင်၍ ဇွန် ၂၈ရက် နံနက် စနာရီခွဲက ရေဦး-တမာလမ်းတော ဝဲယာ (သံသည် ကျေးရွာအနီး)၌ ကျင်းပခဲ့သည်။

တက်ရောက်စိုက်ပျိုး

ရေဦးမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးကိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်သူနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည် ရေဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသရေးပြည်သူများ စုစုပေါင်းအင်အား ၄၅၀ကျော် တက်ရောက်ပြီး သစ်မျိုး ခုနစ်မျိုး၊ ပျိုးပင်ပေါင်း အပင် ၄၁၄၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဘုတ်ပြင်းမြို့၌ ကျင်းပ

ဘုတ်ပြင်း ၈လိုင် ၈

ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန၏ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ၈လိုင် ၃ရက် နံနက်က ရာဇာမုနိဘုရားကုန်းတော်၌ ကျင်းပသည်။

စိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဓိပတိသန်းမြင့်ဦး၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမင်းနိုင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ဝ်ခွဲက ကျွန်းပင်၊ မဟော်ဂနီပင်နှင့် အခြားအရိပ်ရသစ်ပင် ၅၀၀ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံတော်နှင့်ပြည်သူများ၏ ကြီးပမ်းအားထုတ်မှု ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးဖြစ်ထွန်းအောင်မြင်

နေပြည်တော် ၈လိုင် ၈

မန္တလေးတိုင်း ကျောက်မန်းတောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲကို ၈လိုင် ၅ ရက်က ကျောက်မန်းတောင်း မြို့နယ် အင်တိုင်း(အရှေ့)ကျေးရွာအုပ်စုခွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲဝင်များ၊ မြို့နယ်ဆေးဘက်ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲဝင်တို့မှ တာဝန်ရှိသူများ၊ အင်တိုင်း(အရှေ့)၊ ဆင်တိုင်းကန်၊ တံခါးပေါ်၊ ဒဝါး၊ ညောင်ကန်ခေါင်၊ လက်ပံပင်နှင့် ဆင်တပိုကျင်းကျေးရွာအုပ်စုရှိ ကျေးရွာ ၁၂ ရွာတို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပေးဆပ်လျှဒါန်း

တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားပြီး ဒေသခံ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာများနှင့် စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများကို ပေးဆပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျေးရွာအုပ်စုများအလိုက် ဒေသခံပြည်သူများက လိုအပ်သည်များ ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းမှာကြား ဖြည့်ဆည်းပေးသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဓော်မြင့်သိန်းက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းစဉ်များ၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးဆောင်ဝင်ကြည့်က စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ မြန်မာ့စီးပွားရေးဘဏ်မှ ဒုတိယအတွေ့ထွေ မန်နေဂျာ ဦးဆောင်ကျော်စိုးက စိုက်ပျိုးရေး ဖွံ့ဖြိုးမှုပုံစံများအစီအစဉ် ရှင်းလင်းပြောကြား၍ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ပြောကြား

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက နိုင်ငံတော်က ပုံပိုးဖြည့်ဆည်းပေးမှု၊ ဒေသခံပြည်သူများ၏ အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ်မှုများဖြင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးမှုများ ဖြစ်ထွန်းအောင်မြင်လာနိုင်မှုတို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူတိုင်းရောဂါကင်းစင် သက်တမ်းစေ့နေထိုင်နိုင်ရေး စစ်ကိုင်းတိုင်း၌ အသိပညာပေး စာပေဟောပြော

မုံရွာ ၈လိုင် ၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ဥက္ကဋ္ဌ)ရုံး၊ ကျန်းမာရေးနှင့်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနတို့ ပူးပေါင်းစီမံကြီးကြပ်၍ ခရိုင်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ဥက္ကဋ္ဌ)ရုံးတို့၌ ကျင်းပသော ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လူထုအသိပညာပေး စာပေဟောပြောပွဲများကို မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ကလေးခရိုင်၊ တမူးခရိုင်၊ ဖော်ပိုက်ခရိုင်၊ ခန္တီးခရိုင်၊ ရွှေကိုခရိုင်၊ ကသာခရိုင် ရှစ်ခရိုင်အတွင်းရှိ မြို့နယ် ၃၆ မြို့နယ်များ၌ ကျင်းပသည်။

သုတ၊ ရသ၊ စာပေရေးရာ

မုံရွာခရိုင် မုံရွာမြို့တော်ခန်းမ၌ ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လူထုအသိပညာပေး စာပေဟောပြောပွဲကို ၆ ရက် ၂၄ နာရီခွဲက ကျင်းပရာ ခရိုင်ဥက္ကဋ္ဌကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားဖွင့်လှစ်ပေးပြီး ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်စုစုဦး က ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးပညာပေးအကြောင်း၊ စာရေးဆရာ အယ်ဒီတာ ဒါရိုက်တာ ဖွန်မောင်မောင်**(အပေါ်ပုံ)** က ကြက်၊ ဝက်၊ ဝက်ရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း အသိပညာပေး သုတ၊ စာပေရေးရာများ၊ စာရေးဆရာမင်းရွှေသိန်းက ကာလဝမ်းရောဂါ၊ ကျောက်ရောဂါများနှင့် ကပ်ရောဂါများအကြောင်း၊ စာရေးဆရာ သန်လျင်မောင်မောင်ဦးက ရယ်စရာ၊ မောရာ ဤကမ္ဘာ့ကျန်းမာရေး အသိပညာပေး ရသစာပေရေးရာများကို ဟောပြောကြသည်။

ကျင်းပခဲ့

အလားတူ ယင်းကျန်းမာရေးအသိပညာပေး စာပေဟောပြောပွဲများကို ဇွန် ၂၄ ရက် မွန်းလွဲ ၂နာရီခွဲက ချောင်ဦးမြို့၊ ဇွန် ၂၅ ရက် နံနက် ၉နာရီခွဲက မြောင်မြို့၊ ဇွန် ၂၆ရက် မွန်းလွဲ ၂နာရီခွဲက စစ်ကိုင်းမြို့၊ ဇွန် ၂၇ရက် မွန်းလွဲ ၂နာရီခွဲက အရာတော်မြို့၊ ဇွန် ၂၈ရက် နံနက် ၉ နာရီခွဲက ဆားလင်းကြီးမြို့၊ မွန်းလွဲ ၂နာရီခွဲက ပုလဲမြို့၊ ဇွန် ၂၉ ရက် နံနက် ၉နာရီခွဲက ယင်းမာပင်မြို့၊ မွန်းလွဲ ၂နာရီခွဲက ကနီမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်များ၌ ကျန်းမာရေး လူထုအသိပညာပေး စာပေဟောပြောပွဲများကို ကျင်းပခဲ့သည်။

(စာပေနှင့်စာနယ်ဇင်း)

သုတရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မင်းပြား ၈လိုင် ၈

မင်းပြားမြို့နယ် ကျားပိုက်ကေကျေးရွာ သုတရိပ်မွန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၁ရက် နံနက် ၁၁နာရီကကျင်းပရာ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူးက စာအုပ်စာစောင်တိုးပွားရေးနှင့် ရေရှည်တည်တံ့ခိုင်ခြင်ရေးဟောပြောကာ မြန်နယ်ဦးစီးမှူး ဒေါ်သောင်ရွှေက စကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး ပေးဆပ်လှူဒါန်းခဲ့သည်။ **(မြန်နယ် ပြန်/ဆက်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် အဓိမိုးအမှတ် ပြင်ဦးလွင်တွင် ကျင်းပ

ပြင်ဦးလွင် ၈လိုင် ၈

၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက်က ပြင်ဦးလွင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ပြင်ဦးလွင်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဓောဝင်မြင့်က ဖတ်ကြားသည်။

(၀၈၈)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာသင်တန်း(၁/၂၀၀၉) ဆင်းပွဲအခမ်းအနားကို ၈လိုင် ၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ ကွင်းဆင်းစစ်ဆေး

တနင်္ဂနွေ ၈လိုင် ၈

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုင်းသိန်းလွင်သည် မေ ၁၅ရက်က တနင်္ဂနွေမြို့နယ်သို့ရောက်ရှိပြီး မြို့နယ်အတွင်းရှိ ကိုယ်အားကိုယ်ကိုစာကြည့်တိုက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့လူတုပ်ကွေးနှင့်ကြက်၊ ဝက်၊ ဝက်တုပ်ကွေးရောဂါ မြင်းမူ၌ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြော

မြင်းမူ ၈လိုင် ၈

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ကမ္ဘာ့လူတုပ်ကွေးနှင့် ကြက်၊ ဝက်၊ ဝက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွေပြည်သစ်ခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပသည်။

ဟောပြောပွေးနွေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကား ပြောကြားပြီး မြို့နယ် တိရစ္ဆာန်ကုသရေး ဆရာဝန်ကြီး ဒေါက်တာဝင်းစောင်က တိရစ္ဆာန်များတွင် ကျရောက်တတ်သော ရောဂါများနှင့် ကြက်၊ဝက်တုပ်ကွေးရောဂါအကြောင်း ကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်က ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍လည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ စာရေးဆရာဖွန်မောင်မောင်နှင့် သန်လျင်မောင်မောင်ဦးတို့က ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ကြက်၊ ဝက်၊ ဝက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးမှုများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်းရေလေ)ကရာတေးဒိုပြိုင်

ရန်ကုန် ၉လိုင် ၈

၂၀၀၉ခုနှစ် (၁၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်းရေလေ)ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် စနာရီခွဲက အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏဘူမိကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်(ကြည်းရေလေ)မှအရာရှိကြီးများ၊ အရာရှိ/စစ်သည် မိသားစုဝင်များ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

၂၀၀၉ခုနှစ် (၁၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်းရေလေ) ကရာတေးဒိုပြိုင်ပွဲတွင် တပ်မတော် (ကြည်းရေလေ)မှ ပြိုင်ပွဲဝင်အသင်း ၂၅သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၈လိုင် ၈ရက်က ရန်ကုန်တိုင်း ရဲတပ်မဖွဲ့ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ၂၀၀၉-၂၀၁၀ခုနှစ် ပညာသင်စရိတ် ပေးအပ်ပွဲ အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ် ပေးအပ်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး (၁၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်းရေလေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းလုပ်ငန်းများ လုပ်ငန်းစဉ်များရေးဆွဲ၍ သတ်မှတ်ချိန် ပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် ၈လိုင် ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ဌေသည် ၈လိုင် ၄ရက်တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဗျောက်ဆိပ်ပင်ကျေးရွာရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ရှင်းလင်းဆောင်သို့ရောက်ရှိရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးမင်းဇော်နှင့် ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးသိန်းတို့က ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် မိုင်တိုင် အမှတ် ၃၆၆မိုင် ၎ရာတွင် ပြန့်လည်ပြုပြင်ထားသော ရေကျော်၊ ၎ရာနှင့် မြင်းတွင်း-ကလေးကျေးရွာရှိ လှည်းလမ်း ဖောက်လုပ်မည့် ၎ရာ တို့.ကိုလည်းကောင်း၊ ကားလမ်းဘေး လှည်းလမ်းဖောက်လုပ်မည့် မိုင်တိုင် အမှတ်၄၀ သင်္ကတ်ကျေးရွာရှိ ခြေသံရုပ်ရာနှင့် မြစ်သားမြို့နယ် နတ်မော်ကျေးရွာရှိ ဆင်ရုပ်၎ရာတို့.ကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၇၃/၀)နှင့် (၇၃/၁)ကြားရှိ တံတားတည်ဆောက်ရန်အတွက် ပိုင်ရိုက်လုပ်ငန်းနှင့် မိုင်တိုင် အမှတ်(၈၃/၀) နှင့် (၈၃/၁) ကြားရှိ တံတားတည်ဆောက်နေသော လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီးသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)လမ်း တစ်လျှောက်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ်ကင်းသာရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး၊ ဗျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိတို့က မိမိတို့တာဝန်ယူ ဆောင်ရွက်ရသည့် လမ်းအပိုင်းလိုက် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းစဉ်ဈေးများ ရေးဆွဲ၍ သတ်မှတ်ချိန်ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးအသင်း(ရန်ကုန်) စုပေါင်းလှုံ့ဆော်နိုင်းပွဲ

ရန်ကုန် ၈လိုင် ၈

မန္တလေးအသင်း(ရန်ကုန်)၏နှစ်စဉ် ကျင်းပမြဲဖြစ်သော စုပေါင်းလှုဒါန်းပွဲကို ၈လိုင် ၁၂ရက်(တနင်္ဂနွေ) နံနက် ၉နာရီတွင် အမှတ် ၆၂၈/၆၃၂ ကုန်သည်လမ်းနှင့် လမ်း ၃၀ထောင့် (၀ထမထပ်) အသင်းတိုက် ရုတနာပုံအနယ်ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသားအသင်းသူများ အစဉ်အလာမပျက် တက်ရောက်ကြရန် နှိုးဆော်ထားပြီး လူဒါန်းလိုသူများအသင်းတိုက် ဖုန်း-၃၇၅၅၄၄နှင့် ၃၈၈၆၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(မန္တလေးအသင်း)

နိုင်ငံတော်အဓိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရန့်

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေ.)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေ.) တို့.သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိန္နရုပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရန်ဖြစ်သည်။

၂၀၀၉ခုနှစ် ၈လိုင်လအတွက်

(၁၂-၇-၂၀၀၉) ရက်နေ့

နှင့်

(၂၆-၇-၂၀၀၉) ရက်နေ့

သထုံမြို့နယ် အင်းနိ-မြစ်ကျေးလက်လမ်း ဂဝံခင်း

သထုံ ၈လိုင် ၈

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်ဒွေလုံးဒွေရင်းလှုပ်ရှုံးဖြစ်သော အင်းနိ-မြစ်လမ်း ဂဝံခင်းခြင်းလှုပ်ရှုံးဆောင်ရွက်နေမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးများနိုက ၈လိုင် ၅ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦး၀င်းနိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးလွင်တို့က ရှင်းလင်းတင်ပြခဲ့သည်။ (မြို့နယ်စည်ပင်)

ဥတု ရာသီ တောကိုမှီ၏။။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကင်ဆာရောဂါတိုက်ဖျက်မည့် ခရမ်းရောင်ကန်စွန်းဥတီထွင်

ကင်ဆာရောဂါ တိုက်ဖျက်ရေး ဂုဏ်သတ္တိနှင့်ပြည့်စုံသည့် ကန်စွန်းဥ မျိုးကောင်း မျိုးသန့် တစ်မျိုးကို ကင်ဆာပြည်နယ် တက္ကသိုလ်မှ သုတေသီဆိုရှန်လင်းက တီထွင်လိုက်သည်။

အသစ်တီထွင်

အသစ်တီထွင်ဖော်ထုတ်လိုက်သည့် ခရမ်းရောင်ကန်စွန်းဥတွင် ကင်ဆာရောဂါတိုက်ဖျက်ရေးသာမက အိမ်ငယ်ရောဂါများဆီးရေးနှင့် ဓာတ်တိုး ပစ္စည်းဆန့်ကျင်ဆေး ဓာတုပစ္စည်းများလည်း ပါဝင်သည်ဟု သိရသည်။ ဤနေ့ရာ၌ အရောင်သည်လည်း အရေးကြီးသည်ဆို၏။

ဟန့်.တားနိုင်

ထိုကန်စွန်းဥ၏ ခရမ်းရောင်အသားက ကင်ဆာရောဂါဖြစ်စေသည့် အန္တရာယ်ကို လျော့ပါးစေသည့်အပြင် ဆူမကြီးဆွတ်ခူး ကင်ဆာကလာပ် စည်းများ၏ ကြီးထွားမှုကိုလည်း ဟန့်.တားနိုင်သည်။

ကာကွယ်နိုင်မည်

ဤအစားအစာသစ်ကန်စွန်းဥက ပြည်သူများ ကင်ဆာရောဂါမဖြစ်စေရန် ကာကွယ်နိုင်မည်ဟု သိပ္ပံပညာရှင်များက ယုံကြည်သည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လို ခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေး ရောဂါသည် ရာသီအလိုက် မကြာခဏဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိ ရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခံရှင်ဆောင်မိခင်များ၊ နာတာရှည် ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအား မရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင် ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခံရှင်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု များပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မေး။ ။ ယခု မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ရောက်ရှိနေပြီလား။

ဖြေ။ ။ မရောက်ရှိသေးပါ။ ၂၀၀၉ခုနှစ် ဇွန်လ ၁၁ရက်နေ့အထိ ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၇၄နိုင်ငံတွင် ဓာတ်ခွဲစမ်းသပ်မှု စစ်ဆေးအတည်ပြုချက်အရ ၂၈၇၇၄ဦး ရောဂါဖြစ်ပွားခဲ့ပြီး ၁၄၄ ဦး သေဆုံးခဲ့ပါသည်။

ကျောဖုံးမှ

ထိုစဉ်ခဏမှာပင် အဝေးဆီမှ ငါးဖမ်းစက်လှေဟု ယူဆရသော စက်လှေတစ်စင်းက အပြင်းမောင်းဝင်လာသည်။ များမကြာမီ ဆိပ်ခံတံတား(အေသခေါ်ဖောင်တော်)ကို ဦးတိုက်လိုက်သော အခါမှသာ လှေဦးစီးသူသည် တလောဆီက ခရီးတစ်ခုသွားရင်း ခင်မင်ခဲ့ဖူးသည့် ဖုန်း(အများအခေါ် ကမ်းရိုးတန်းဖုန်း)တို့၏ကောင်းသတင်းကို ကြားဖူးပါတယ်။ ယခုတော့ မျက်ပါးထင်ထင် တွေ့ရပေပြီ။ နိုင်ငံတော်၏စေတနာကား လိုအပ်သူတို့ကို လိုအပ်ချိန်တွင် အဲကိုက်ကောင်းကျိုးပြုခဲ့ပေပြီတည်း။

လုံခြုံစိတ်ချရမှု

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနလက်အောက်ရှိ နှင့် ရေးမခွကပင် ရွှေဟောဆက် ပေါင်းဖက်ခဲ့သော ရာဇဝင်က ရှိပြန်သည်။ စာတိုက်လုပ်ငန်း၏ သမိုင်း အထောက်အထားများအရ ၁၈၂၇ ခုနှစ်တွင် စစ်တွေစာတိုက်ကို စတင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြင့် စတင်ခဲ့ကြောင်း၊ မှတ်တမ်းများအရ ရခိုင်ပြည်နယ်တွင် ၁၈၆၁ ခုနှစ်ကတည်း ကပင်စတင်၍ ကြေးနန်းလုပ်ငန်းစတင် ခဲ့ကြောင်း၊ တယ်လီဖုန်းလုပ်ငန်းကို ၁၈၈၄ ခုနှစ် မတ်လ ၄ ရက်တွင် ရန်ကုန်မြို့၌စတင်ခဲ့ကြောင်း မှတ်တမ်း များအရ သိရသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဒေသမွဲဖြိုးရေးလုပ်ငန်းများ တိုးတက် မြင့်မားလာစေရန်အတွက် အထောက်အကူအဖြစ် ပြည်တွင်း ပြည်ပ စာတိုက်လုပ်ငန်း၊ ကြေးနန်း လုပ်ငန်းနှင့် တယ်လီဖုန်းလုပ်ငန်းတို့ကို ကြီးပမ်း ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြေပြင်ဖွဲ့စည်းပုံသဘာဝအရ လမ်းပန်း ဆက်သွယ်ရေးခက်ခဲသော ရခိုင် ပြည်နယ်အတွင်း မရှိမဖြစ်လိုအပ်သည့် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ သဖြင့် ယခုအခါ ပြည်တွင်းသာမက ပြည်ပသို့ပါ ဆက်သွယ်နိုင်ရန်ဆောင် ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့များ၌ ခစဂျစ်တယ်အော်တိုအိတ်ချိန်းတယ်ဆင် ပြီးစီးမှု အခြေအနေကို ကြည့်ပါက စစ်တွေမြို့တွင် လိုင်း ၂၅၀၀၊ ငယလီ (ရွေဝါချိုင်)တွင် လိုင်း ၂၅၀၊ အမ်းမြို့ တွင် ၉၆လိုင်း၊ တောင်ကုတ်မြို့တွင် လိုင်း ၇၀၀၊ သံတွဲမြို့တွင် လိုင်း ၅၀၀၊ မြောက်ဦးမြို့တွင် လိုင်း ၅၀၀၊ မောင်တောမြို့တွင် လိုင်း ၅၀၀၊ ကျောက်ဖြူမြို့တွင် လိုင်း ၄၈၀၊ ကျောက်တော်မြို့တွင် လိုင်း ၅၀၀၊ တပ်ဆင်ပြီးဖြစ်ကာ မင်းပြားမြို့တွင် လိုင်း ၅၀၀နှင့် ဘူးသီတောင်မြို့တွင် လိုင်း ၅၀၀တို့မှာ တပ်ဆင်ဆဲဖြစ်သည်။

ဆက်လက်ဆောင်ရွက်ရန်ရှိလျှာထား သည့် ခစဂျစ်တယ်အော်တိုအိတ်ချိန်း စီမံကိန်းအရ ပထမဦးစားပေးအဖြစ် ဥမြို့တွင် လိုင်း ၃၀၀၊ မြေပုံမြို့တွင် လိုင်း ၃၀၀၊ မာန်အောင်မြို့တွင် လိုင်း ၃၀၀၊ ရသေတောင်မြို့တွင် လိုင်း ၃၀၀ကို တပ်ဆင်ပေးမည်ဖြစ်ပြီး ဒုတိယဦးစားပေးမြို့များအဖြစ် ပုဏ္ဍား ကျွန်းမြို့နှင့် ရမ်းပြဲမြို့တို့ကို သတ်မှတ် ထားပေရာ မကြာမီ ရခိုင်ပြည်နယ် အနှံ့ တယ်လီဖုန်းမြည်သံတို့ ဖျံလွှင်နေ ပေတော့မည်။

မိုဘိုင်းလ်

ထိုမျှမက ရခိုင်ပြည်နယ်အတွင်း မိုဘိုင်းလ်ဖုန်းတပ်ဆင်ပြီးစီးမှု အခြေ အနေကိုကြည့်ပါက စစ်တွေမြို့တွင် GSM လိုင်း ၁၄၃၃ လိုင်းနှင့် CDMA 450 ၃၀၃၆လိုင်း၊ အမ်း မြို့တွင် CDMA 450 ၄၇၇ လိုင်း၊ ကျောက်ဖြူ မြို့တွင် CDMA 450 လိုင်း ၉၀၀၊ သံတွဲမြို့တွင် CDMA 450 ၁၃၄၆လိုင်း၊ မြောက်ဦးမြို့တွင် CDMA 450 ၅၄၃လိုင်း၊ မောင်တောမြို့တွင် CDMA 450 လိုင်း ၂၅၀၊ မြေပုံမြို့တွင် CDMA လိုင်း ၅၅၀တို့ဖြစ်ပြီး မာန်အောင်၊ တောင်ကုတ်၊ ကျောက်တော်နှင့် ဥမြို့များတွင် CDMA 450 စနစ် တပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက် ထားပြီးဖြစ်ရာ ရာသီဥတု ပြင်းထန်မှု ကြောင့် ဆက်သွယ်ရန်ခက်ခဲနိုင်မည့် မိုးရာသီကာလများအတွက် ဒေသ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝဘေး ကာကွယ်ရေးဆိုင်ရာ သတင်းစကား မေးနိုင်မည့်အရေး မျှော်လင့်ချက်များ ရှင်သန်ခွန်းထွေး လာရတော့သည်။

ထို့ထက်ပို၍ ထူးခြားသည်မှာ အထူးစီမံချက်တစ်ရပ်အနေဖြင့် ရခိုင် ပြည်နယ်တွင် MPT Satellite Terminal ၆၉ခု၊ လိုင်းအင်အား ၂၇၆လိုင်း တပ်ဆင်ထားရှိရာ MPT Satellite Terminal တစ်စုံလျှင် တယ်လီဖုန်းလေးလုံးနှင့် အင်တာနက် သုံးခွဲကြည့်ရှုနိုင်ကြောင်း သိရသည်။ ဤသို့ဖြင့် ရခိုင်ပြည်နယ်မှ ပြည်သူတို့ အဖို့ မိုးလေဝသအပါအဝင် ဖြစ်ရပ် စုံလင်သတင်းများကို မြန်မာ့ Media မှသာမက ကမ္ဘာ့ Media ရပ်ကွက်ဆီ ကပင် ဖမ်းယူစုဆောင်း အသုံးချနိုင် ပေတော့မည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း တပ်ဆင်ပြီးလေးယူ တယ်လီဖုန်းလိုင်း အင်အားမှာ ၂၅၉၄၆ လိုင်း ဖြစ်ပြီး အမျိုးအစားတို့အနေဖြင့် အော်တို အိတ်ချိန်း ရှစ်လိုင်း၊ လိုင်းအင်အား ၅၅၂၆၊ တပ်ဆင်ဆဲအော်တိုအိတ်ချိန်း သုံးလိုင်း၊ လိုင်းအင်အား ၁၅၀၀၊ လက်လှည့်အိတ်ချိန်း ၂၉လိုင်း၊ လိုင်း အင်အား ၂၃၉၄၊ အိတ်ချိန်း စုစုပေါင်း ၄၀၊ လိုင်းအင်အားစုစုပေါင်း ၉၄၂၀ ဖြစ်သည့်အပြင် Mobile ဆက်သွယ်မှု အနေဖြင့် GSM ရေဒီယိုစခန်းနှစ်ခု၊ လိုင်းအင်အား ၂၀၀၀ တပ်ဆင်ပြီး CDMA 450 ရေဒီယိုစခန်း ၁၁ ခု၊ လိုင်းအင်အား ၁၄၂၅၀ စုစုပေါင်း Mobile ရေဒီယိုစခန်း ၁၃ခု၊ စုစုပေါင်း လိုင်းအင်အား ၁၆၂၅၀ ဖြစ်သည်။

ထိုမျှမကသေး စစ်တွေ၊ ကျောက် ဖြူ၊ သံတွဲ၊ အမ်း၊ တောင်ကုတ်၊ မာန်အောင်၊ မြေပုံ၊ မြောက်ဦး၊ ကျောက် တော်နှင့်ဥမြို့တို့တွင် ခစဂျစ်တယ် မိုဘွှဲ့ရှိ ဝေစစခန်းများ တည်ဆောက် ထားပြီးသည့်အလျောက် ဖိုင်ဘာ ကောယ်လ်လိုင်းများကို ဆက်လက် တိုးချဲ့တည်ဆောက်ပေးသွားမည်ဖြစ်ရာ တယ်လီဖုန်းသံတည်သည်ဖြင့် လူမှုစီးပွား ဘဝတည်ဆောက်ကြမည့် ရခိုင်ပြည်နယ် မှ ဓတ်လှုပ်ယ်တို့၏ အနာဂတ်မြင် ကွင်းကား ရွှေရောင်ဝင်းလက်နေတော့ မည်ကို မည်သူငြင်းချက်ထုတ်နိုင် တော့မည်နည်း။

အသံကြားရုံဖြင့်မပြည့်နှံ၊ စာကိုပါ အကုန်ဖတ်လိုက်ချင်တော့သည်ဆိုသော အဓိဆိုတို့အထွက်လည်း စာတိုက် လုပ်ငန်းကို ဆောင်ရွက်ပေးနေရာ ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းပြည့် စာတိုက် ၅၄ဝိုက်၊ ကန့်သတ်စာတိုက် ၁၀တို့က်နှင့် ကျေးရွာကိုယ်စားလှယ် စာတိုက် ၁၈ဝိုက် ထားရှိပြီးဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း၌ ကြေးနန်းရုံး ၁၃ရုံး၊ ရေဒီယိုကြေးနန်းရုံး ၁၁ရုံးနှင့် စာ/ကြေးပူးတွဲရုံး တစ်ရုံးရှိသည်။ MRTV နှင့် MRTV-4 ဖမ်းယူရန် အတွက် ရှစ်ပေလောင်းတစ်ခု၊ ၂၁ လက်မဂီဒွိတစ်လုံး၊ ဒီဒွီဒီတစ်လုံး၊ စာကြည့်တိုက်အတွက် စာအုပ်စင် တစ်ခု (စာအုပ်များအပါအဝင်) ပါဝင် မည်ဖြစ်သည်။

Communication Centre စခန်းများ တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် စစ်ဆေးရေးဌာနမှ မန်နေဂျာဦးသိန်းဝင်းအား မေးမြန်း ရာတွင် "မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေနဲ့ Communication Centre တွေကို ရန်ကုန်တိုင်းမှာ သုံးခု၊ ဧရာဝတီတိုင်းမှာ ရှစ်ခု၊ ရခိုင် ပြည်နယ်မှာနှစ်ခု စုစုပေါင်း ၁၃ ခုတည်ဆောက်ထားပြီးဖြစ်ပါတယ်။ Communication Centre တွေ တည်ဆောက်ရတဲ့ ရည်ရွယ်ချက်က တော့ ဒေသခံပြည်သူတွေအဆင့်မြင့် ဆက်သွယ်ရေးစနစ်ကို အသုံးပြုနိုင် ဖို့၊ သဘာဝဘေး အန္တရာယ်ကျ ရောက်လာခဲ့ရင် ခိုလှုံနိုင်ဖို့နဲ့ အဆင့်မြင့်ဆက်သွယ်ရေးစနစ်တွေကို အသုံး ပြုပြီး အချိန်နှင့်တစ်ပြေးညီ ဒေသခံ ပြည်သူတွေဆီကို သဘာဝဘေး အန္တရာယ်သတင်း ပေးပို့နိုင်ဖို့ဖြစ်ပါ တယ်"ဟု ပြောကြားသည်။

"Communication Centre တွေ တည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒေသခံပြည်သူတွေ အဆင့်မြင့် ဆက်သွယ်ရေးစနစ်ကို အသုံးပြုနိုင်ဖို့၊ သဘာဝဘေး အန္တရာယ် ကျရောက်လာခဲ့ရင် ခိုလှုံနိုင်ဖို့နဲ့ ဆက်သွယ်ရေးစနစ်တွေ ကိုအသုံးပြုပြီး သဘာဝဘေးအန္တရာယ် သတင်းကို အချိန်နဲ့တစ်ပြေးညီ ဒေသခံပြည်သူတွေကို အသိပေး နိုင်ဖို့ပဲ ဖြစ်ပါတယ်"

ဦးသိန်းဝင်း(မန်နေဂျာ)
လုပ်ငန်းနှင့် စစ်ဆေးရေးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

နိုင်ငံတော်၏စေတနာနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက် ပေးမှုတို့အရ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများ အချင်းချင်း ဆက်သွယ်မှုသာမက ကျန်ပြည်နယ်နှင့်တိုင်းများ သို့ပါ အချိန်နှင့်တစ်ပြေးညီဆက်သွယ်နိုင်ရန် အော်တို တယ်လီဖုန်းများ၊ မိုဘိုင်းလ်စနစ်ဖြစ်သည့် GSM နှင့် CDMA 450 (ကမ်းရိုးတန်းဖုန်း)များကိုပါ တပ်ဆင်ပေး ထားကာ ကမ္ဘာဖြန့်ကြက်အင်တာနက်နှင့် အီးမေးလ်တို့ကိုလည်း အသုံးပြုနိုင်ပြီ။

အင်တာနက်နှင့် အီးမေးလ်

ရခိုင်ပြည်နယ်ကား သဘာဝမြေပြင် အနေအထားအရ တောင်ကုန်း တောင်တန်းများ၊ ပင်လယ်ကမ်းရိုးတန်း ဒေသဖြစ်သည့်အလျောက် မြစ်ချောင်း များ၊ ရွှံ့ညွန်တောများပေါများသည့် အတွက် ဆက်သွယ်သွားလာရန်ခက်ခဲ သောဒေသဖြစ်သည်။ ဤကာလ မတိုင်မီက တယ်လီဖုန်းဖြင့်ဆက်သွယ် ရန်မဆိုထားဘိ စာဖြင့်ဆက်သွယ်ရန် ပင်လျှင် ရက်အတန့်ကြာမှတစ်ခေါက် ရောက်လာတတ်သည့် လှေ၊ သင်္ဘော များကို အားကိုးခဲ့ရပြီး နောင့်နေး ကြန့်ကြာခဲ့ရသည် ဖြစ်သော်လည်း ယခုအခါ နိုင်ငံတော်၏စေတနာနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်ပေးမှုတို့အရ ရခိုင် ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာ များအချင်းချင်း ဆက်သွယ်မှု သာမက ကျန်ပြည်နယ်နှင့်တိုင်းများ သို့ပါ အချိန်နှင့်တစ်ပြေးညီဆက်သွယ် နိုင်ရန် အော်တို တယ်လီဖုန်းများ၊ မိုဘိုင်းလ်စနစ်ဖြစ်သည့် GSM နှင့် CDMA 450 (ကမ်းရိုးတန်းဖုန်း)များ ကိုပါ တပ်ဆင်ပေးထားကာ ကမ္ဘာ ဖြန့်ကြက်အင်တာနက်နှင့် အီးမေးလ် တို့ကိုလည်း အသုံးပြုနိုင်ပြီဖြစ်သည်။

တိုးတက်ဖြစ်ထွန်း

သို့ဖြစ်လေရာ ရခိုင်ပြည်နယ်မှ ပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍပေါင်းစုံတို့၌ အများ နှင့်ရင်ပေါင်တန်းကာ ထိုးဖောက် အောင်မြင် မော်ကွန်းတင်နိုင်တော့ မည်အရာကတပ်ုရိပ်ကား ဆက်သွယ် ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုနှင့် လိုက်ဖက်ညီစွာဖြင့် ရေအဖြင့်တွင် တင့်တယ်လာမည့် ကြာမန်းတို့အသွင် ငွားငွားစွင့်စွင့် ဝင့်ထည်နေပါတော့ သည်။ ။



စစ်တွေမြို့ အော်တိုအိတ်ချိန်း စက်ခန်းအတွင်း ဆက်သွယ်ရေး စက်ကိရိယာများ တပ်ဆင်ထားရှိမှုကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

စစ်တွေမြို့ အော်တိုအိတ်ချိန်း အဆောက်အအုံကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)



ကျောက်တော်မြို့ အော်တိုအိတ်ချိန်းတာဝါကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဝိုင်းဝန်းဆောင်ရွက်ပေး

ဒေါက်တာဖိုးချစ်

ဒီနှစ် ဧပြီလ ၂၄ရက်မှာ မက္ကဆီကိုနိုင်ငံက နိုင်ငံတကာကိုစတင်ပျံ့နှံ့ခဲ့တဲ့ လူတုပ်ကွေးရောဂါ New Influenza A(H1N1) အကြောင်း ကမ္ဘာသိ ဖြစ်လာတယ်။ နောက်တစ်နေ့ ၂၅-၄-၂၀၀၉ရက်မှာပဲ ကျန်းမာရေးဝန်ကြီး ဌာနက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ပျံ့နှံ့မှုထိန်းချုပ်ရေးနဲ့ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ဖို့ တပ်လှန့်ခဲ့ပါတယ်။ ဒီရောဂါဟာ နိုင်ငံပြင်ပမှ ဝင်ရောက်လာစရာအကြောင်းရှိတာမို့ လေဆိပ်တွေ၊ အပြည် ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေနဲ့ နယ်စပ်ဝင်ပေါက်တွေမှာ အာရုံစိုက် စောင့်ကြပ် စစ်ဆေးခဲ့တာ ၆-၇-၂၀၀၉ရက်အထိ ၁၇၉၁၈၅၂ဦး ရှိခဲ့ပါတယ်။

၁၁-၆-၂၀၀၉ရက်မှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါအခြေအနေကို အဆင့်အမြင့်ဆုံး (အဆင့်-၆)အဖြစ် သတ်မှတ်လိုက်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ချက်ချင်းပဲ အဆင့်နဲ့အညီ စီမံချက်အတိုင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ စာနယ်ဇင်း(Print Media)၊ ရုပ်မြင်သံကြားနဲ့အသံလွှင့်(Electronic Media) တို့ကနေတစ်ဆင့် တစ်ပြည်လုံးအနှံ့ ဖြန့်ကြက်ထားပြီး ဖြစ်နေပါတယ်။

ဒါကြောင့်လည်း ၂၆-၆-၂၀၀၉ရက်မှာ စင်ကာပူက လေယာဉ်နဲ့ ပါလာတဲ့ခရီးသည်တွေထဲက မိန်းကလေးငယ်တစ်ဦးကို အိမ်ရောက်ပြီးမှ များသည်တိုင် စနစ်တကျစစ်သပ်စစ်ဆေးပြီး မြန်မာနိုင်ငံအတွင်း ဝင်ရောက် လာတဲ့ ပထမဆုံး ကမ္ဘာ့လူတုပ်ကွေးရောဂါရှင်အဖြစ် အတည်ပြုဖော်ထုတ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံထဲကို ကမ္ဘာ့လူတုပ်ကွေးရောဂါ ဝင်ရောက်လာတဲ့ ဖြစ်စဉ် အသေးစိတ်ကို လေ့လာကြည့်တဲ့အခါမှာ စိတ်ဝင်စားဖွယ် တွေ့ရပါတယ်။ စင်ကာပူမှရောဂါပိုး ကူးစက်ခဲလာရတဲ့ မိန်းကလေးငယ်ဟာ လေယာဉ် ပေါ်မှာရော၊ ရန်ကုန်လေဆိပ်ရောက်တဲ့အချိန်မှာရော များနာရောဂါ လက္ခဏာ မပြခဲ့ပါ။ ဒီအချက်ဟာလည်း ကမ္ဘာပေါ်မှာရှိသမျှ လေဆိပ်တွေ တွေ့နေ ရတဲ့ အတွေ့အကြုံပါပဲ။ ခရီးသည်တွေရဲ့ ကိုယ်ပူချိန်ကို ဖြန့်ကြက်တိုင်းတာ နိုင်တဲ့စက် (Thermal Scanner)က ဖျားနေတဲ့သူကိုသာ ဖော်ထုတ်နိုင်ပါ တယ်။ ဒါကြောင့်လည်း ကမ္ဘာတစ်ဝန်းလုံးမှာ ပျံ့နှံ့နှုန်းမြန်ပြီး ထိန်းချုပ်ရ ခက်သွားတာ ဖြစ်ပါတယ်။

မိန်းကလေးငယ်မှာ ရောဂါရှိနေကြောင်း သတိထားမိသွားတဲ့သူကတော့ သူ့ဆရာမပါပဲ။ ဆရာမမှာ ကျန်းမာရေး အသိလည်းရှိတယ်၊ ကျန်းမာရေး သတိလည်း ရှိတဲ့အတွက် ကလေးရဲ့မိဘများစုံစုံတိုင်ပင်ပြီး ရန်ကုန်ဆေးရုံကြီးကို အချိန်မီ ပို့ပေးနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဇန်ဝါရီ ၃၀ရက်နေ့ ည ၉နာရီမှာ ဆေးရုံကြီးကို ရောက်ရပါပြီ။ နောက်တစ်နေ့ ၂၇-၆-၂၀၀၉ရက် နံနက် ၄နာရီမှာ ဓာတ်ခွဲခန်းက အဖြေကိုသိနေပါပြီ။ သူ့မှာ ဝိုင်းရပ်စ်ဂိုးရိုးရိုးရိုးနေကြောင်း အတည်ပြုချက် ရနေပါပြီ။ ညတွင်းချင်း အဖြေထွက်လာတဲ့အတွက် နောက်တစ်နေ့မှာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ညနေ ၆နာရီ သတင်းထဲမှာပါလာအောင် အမြန်ဆုံးလူထုထဲ သတင်းပေးပို့နိုင် ခဲ့တာ ဖြစ်ပါတယ်။

ဒီလောက်နဲ့တင် မပြီးသေးပါဘူး။ ကလေးရဲ့မိသားစုတွေရော၊ သူ့ဆရာမ ရော၊ သူငယ်ချင်းတွေရော အားလုံးပေါင်း၁၃ဦးကိုလည်း စနစ်တကျ စောင့်ကြပ် ကြည့်ရှုဖို့ ကျန်းမာရေးဝန်ထမ်းတွေက တာဝန်ယူကြရပြန်ပါတယ်။ လေယာဉ် ပေါ် အတူပါလာတဲ့ လေယာဉ်ဝန်ထမ်းတွေနဲ့ ခရီးသည်စုစုပေါင်း ၉၁ဦးရဲ့ လိပ်စာတွေကို ရှာဖွေကြ၊ မီရာလူကို အကြောင်းကြားပြီး သူတို့ရဲ့ ဇနီးမိ၊ ဟိုတယ်စတဲ့နေရာတွေ စောင့်ကြပ်ကြည့်ရှုကြရ. အတော်ပဲ အလုပ်ရှုပ်ရပြန် ပါတယ်။ ဒီအထဲက ခရီးသည်တစ်ဦးဟာ အဝေးပြေးကားနဲ့ ပါသွားပြန်တာမို့ သူရောက်ရာနေရာမှာ ရောဂါမပြန့်အောင် ထိန်းသိမ်းစောင့်ရှောက်ကာ၊ ခရီး သွားဖော်များကိုပါ ရောဂါရှိမရှိ စောင့်ကြပ်ကြည့်ရှုတာတွေ လုပ်ကြရပါ တယ်။

A (H1N1) ရောဂါပိုးသယ်ဆောင်လာတဲ့ မိန်းကလေးငယ် ဆိုက်ရောက် ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ထဲက တာဝန်ကျဝန်ထမ်း ၁၅၉ဦးလုံး ကိုလည်း ရောဂါစောင့်ကြပ် ကြည့်ရှုဖို့စာရင်းထဲမှာထည့်သွင်းပြီး စောင့်ကြည့် နေရပြန်ပါတယ်။ ဒီလို ဂရုစိုက်နိုင်တဲ့အတွက်ကြောင့်လည်း ဒီကနေ့အထိ ရောက်ထပ်ရောဂါ ပျံ့နှံ့မှုမရှိဘဲ လူနာမိန်းကလေးငယ်တစ်ဦးတည်းဘဲ ရှိရသေး ခြင်း ဖြစ်ပါတယ်။ အကယ်၍သာ လူနာကိုလွတ်သွားခဲ့ရင် မျှော်မှန်းတွက်ဆဖို့ ခက်တဲ့ ကူးစက်ပျံ့နှံ့မှုတွေဖြစ်လာမှာ အမှန်ပါပဲ။

ဆေးရုံဝန်ထမ်းတွေမှာလည်း အတော်တာဝန်ကြီးကြပါတယ်။ ရန်ကုန် ဆေးရုံကြီးကနေ တိုက်နယ်နဲ့ ကျေးလက်ကျန်းမာရေးဌာနတွေ အထိပါပဲ။ ကျန်းမာရေးဝန်ထမ်းအဆင့် ဆင့်ဟာ ၂၀၀၇ ခုနှစ်ကတည်းက အစမ်းလေ့ကျင့်မှု တွေ (Drill) တွေလုပ်ထားတဲ့အတွက် ကျွမ်းကျင်မှုတွေ အတော်အသင့်ရှိနေပြီး ဖြစ်ပါတယ်။ တုပ်ကွေးရောဂါကူးစက်လာတဲ့ လူနာတစ်ဦးလာရင် ဘယ်လို ပြုစုမယ်၊ ဘယ်လိုသီးသန့်ခွဲခြား စောင့်ရောက်မယ်၊ ကိုယ့်ကိုမကူးစက်အောင် ဘယ်လိုကာကွယ်မယ်ဆိုတဲ့ အချက်တွေကို စာတွေ့လက်တွေ့ လေ့ကျင့်ပြီးဖြစ် နေတဲ့အပြင် ဆေးဝါးနဲ့ဆေးပစ္စည်းတွေကိုလည်း ပြည့်ဆည်းပေးထားတဲ့အတွက် အရေးကြုံလာတဲ့အခါမှာ အဆင်အခဲ နည်းသွားပါတယ်။

အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(Rapid Response Team) တွေကို တိုင်းနဲ့ပြည်နယ်တိုင်းမှာ ဖွဲ့စည်းပြီးဖြစ်တဲ့အပြင် လူနာဆီက ရောဂါပိုး ယူပုံယူနည်း၊ ရောဂါပိုးစစ်ဆေးဖို့ စနစ်တကျ ပေးပို့နည်းတွေကိုလည်း သိထားပြီး ဖြစ်ပါတယ်။ အရင်ကဆို ရောဂါပိုးအမျိုးအမည် အတည်ပြုရဖို့အတွက် နိုင်ငံခြားဓာတ်ခွဲခန်းတွေကို ပို့ရပါတယ်။ အခုမြန်မာပြည်မှာပဲ အတည်ပြု စစ်ဆေးနိုင်တဲ့အတွက်ကြောင့် ညမကွေးခင် အဖြေထွက်အောင် ဆောင်ရွက်ပေး နိုင်ခွင့်ပါရှိလာခြင်း ဖြစ်ပါတယ်။ အခုဖြစ်နေတဲ့ တုပ်ကွေးရောဂါသစ်က ကူးစက်မှု မြန်လွန်းတဲ့အတွက် ဓာတ်ခွဲစမ်းသပ်မှု မြန်နိုင်သမျှမြန်မှ တန်ကာ ကျတဲ့ သဘောရှိပါတယ်။

လူနာနဲ့မိသားစု၊ ခရီးသည်တွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေအားလုံးဟာ ကျန်းမာရေးဝန်ထမ်းတွေနဲ့ပူးပေါင်းဆောင်ရွက်ကြတဲ့အတွက်လည်း ရောဂါဖျံ့နှံ့ မှုကို ဒီလောက်မြန်မြန် ထိန်းချုပ်နိုင်တာပဲဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေနဲ့ထပ်တူ ထပ်မျှ အရေးပါတဲ့သူတွေကတော့ ဗီဒီယာဝိုင်းက တာဝန်ရှိသူတွေပဲ ဖြစ်ပါ တယ်။ ပြည်သူ့ကျန်းမာရေးအတွက် အရေးပေါ်လာတဲ့အချိန်မှာ ဆောင်ရွက် ရတဲ့ လူထုဆက်သွယ်ရေး (Risk Communication)ပိုင်းဟာ အချိန်နဲ့ တစ်ပြေးညီ တိကျမှန်ကန်မှုရှိရှိ ထုတ်ပြန်ပေးနိုင်ဖို့ လူထုရဲ့ ယုံကြည်မှုကို ရယူနိုင်ဖို့မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လူနာမိန်းကလေးရဲ့ ကျန်းမာရေး အခြေအနေ၊ ဆက်စပ်နေသူများရဲ့ ကျန်းမာရေးအခြေအနေ ဓာတ်ခွဲစမ်းသပ်မှု ရလဒ်တွေနဲ့ လူထုသိလိုသမျှတွေကို ပြန်ကြားပေးနိုင်ဖို့ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နေကြရပါတယ်။

တစ်ဖက်ကလည်း ဆက်စပ်ပြသနာတွေကို ဖြေရှင်းနေရပါသေးတယ်။ ပါးစပ်၊ နှာခေါင်းစည်း(Mask)တွေကို တပ်ပုံတပ်နည်းကအစ အသေးစိတ်မေးကြ တဲ့သူတွေကို ဖြေနေရပါတယ်။ တကယ်တော့ **တုပ်ကွေးဖြစ်တယ်လို့ မိမိ ကိုယ်ကို သံသယရှိတာနဲ့ ကိုယ်တိုင်တပ်ဆင်ရပါမယ်။ တစ်ခါသုံး (Mask) ဆိုရင်လည်း အခါအားလျော်စွာ လဲလှယ်ပေးရပါမယ်။ မလွဲသာလို့ အပြင် ထွက်ရင် မဖြုတ်တစ်တပ်ဆင်ပြီး သွားလာမှသာ တခြားသူတွေကို မကူးစက် အောင် ကာကွယ်နိုင်မှာပါ။ လူနာပြုစုသူတွေလည်း မဖြစ်မနေတပ်ရပါမယ်။** အဝတ်နဲ့ ချွေဝတ်ထားတဲ့(Surgical Mask)လို နှာခေါင်းစည်းမျိုးကတော့ ပြွတ်လျော်ဖို့ ဒါမှမဟုတ် Bleaching Powder နဲ့ နှာရီဝက်စိမ်ပြီးမှ လျော်ဖို့ နှီးဆော်ချက်ထဲမှာ ပါရှိပြီးဖြစ်ပါတယ်။ ကျောင်းသွား၊ ရုံးသွား အချိန်မရွေး တပ်ဖို့ လိုသလားဆိုတဲ့ မေးခွန်းကတော့ မိမိရဲ့ရွေးချယ်မှုပါပဲလို့ ဖြေနေရပါ တယ်။ အဓိကကတော့ လက်ကိုဆပ်ပြာနဲ့ စနစ်တကျ ဆေးကြောဖို့ပါပဲ။

အခုဆိုရင် ၆-၇-၂၀၀၉ ရက် စာရင်းချုပ်အရ ကမ္ဘာပေါ်က နိုင်ငံ ပေါင်း ၁၃၅မှာ တုပ်ကွေးဖြစ်သူ ၉၄၅၁၂ဦး ရှိနေပါပြီ။ သေဆုံးသူကတော့ ၄၂၉ဦးပဲ ရှိပါသေးတယ်။

ကျန်တော်တို့အနေနဲ့ စောင့်ကြည့်စစ်ဆေးခဲ့တဲ့လူပေါင်း ၄၆၂၈ဦးထဲမှာ ဓာတ်ခွဲစစ်ဆေးဖို့ လိုအပ်တဲ့လူနာ ၃၆ ဦးရှိခဲ့ပြီး ဓာတ်ခွဲအတည်ပြုထားတဲ့ လူနာကတော့ တစ်ဦးပဲရှိပါတယ်။ ၂၁ဦးက ရိုးရိုးတုပ်ကွေးပိုးပဲတွေ့ပြီး ၁၄ဦး ကတော့ ရောဂါပိုးမရှိပါဘူး။ စောင့်ကြည့်ကာလပြီးဆုံးပြီးသူပေါင်း ၂၀၃ဦး ရှိသွားပါပြီ။

စောင့်ကြည့်ရတဲ့ကာလဟာ ၁၀ရက်ထဲပဲကြာပါတယ်။ အများပြင်းသူကို ဆေးရုံမှာ စောင့်ကြည့်စစ်ဆေးပြီး တော်ရုံတန်ရုံ နေမကောင်းသူကိုတော့ အိမ်မှာပဲ စောင့်ကြည့်ရပါတယ်။ သည်းခံပြီး ပူးပေါင်းဆောင်ရွက်ကြတဲ့ သူတွေကို ကျေးဇူးတင်စရာပါပဲ။ သူတို့အားလုံး ကျန်းမာသွားပြီဆိုရင်တော့ ဝမ်းသာစရာပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေကတော့ ခါးတောင်းကျိုက်ဖြတ်လို့ မဖြစ်သေးပါဘူး။ လူထုအနေနဲ့လည်း ဝင်လာမယ့် ရောဂါသစ်ကို မျက်လုံးဒေါက်ထောက်ကြည့်နေရဦးမှာ ဖြစ်ပါတယ်။ စောင့် ကြည့် သတင်းပို့ခြင်း (Lay Reporting) အလုပ်ကို အားလုံးပူးပေါင်း တာဝန်ယူကြရဦးမှာ ဖြစ်ပါတယ်။

- **ကိုယ့်ကိုယ်ကိုယ် တုပ်ကွေးမကူးအောင် ကာကွယ်ပါ။ (Protect Yourself)**
- **တခြားသူများကို ရောဂါမပြန့်အောင် ဆောင်ရွက်ပါ။ (Prevent Spread)**
- **ကျန်းမာရေးအသိ၊ သတိ ကျွမ်းကျင်မှုနှင့် အသက်ကယ်ကြပါ။ (Save Lives)**

လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

တုပ်ကွေးဖြစ်တယ်လို့ မိမိကိုယ်ကို သံသယရှိတာနဲ့ ကိုယ်တိုင် တပ်ဆင်ရပါမယ်။ တစ်ခါသုံး (Mask) ဆိုရင်လည်း အခါ အားလျော်စွာ လဲလှယ်ပေးရပါမယ်။ မလွဲသာလို့ အပြင်ထွက်ရင် မဖြုတ်စတမ်း တပ်ဆင်ပြီး သွားလာမှသာ တခြားသူတွေကို မကူး စက်အောင် ကာကွယ်နိုင်မှာပါ။ လူနာပြုစုသူတွေလည်း မဖြစ်မနေ တပ်ရပါမယ်။

ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် ရေး စီမံချက်အရဖြင့် မိုးညှိမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ရွေးနှင့် ရေမြောင်းများတွင် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို မြို့နယ် အရန်စီးသတ်တပ်ဖွဲ့ ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ ပူးပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့ လူတုပ်ကွေး ကပ်ရောဂါ အကြောင်း အသိပညာပေးဆွေးနွေး ပွဲကို နွေဦး ၂စရက်က နေပြည်တော်တပ် ကုန်း မြို့မြဝတီရပ်ကွက် အထက(၂) သီရိရတနာ ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံ ဟောပြောစဉ်။ (၂၆၆)

"ကျွန်တော်တို့ သကြားစက်က တစ်နေ့ သကြားတန်ဖိုး ၂၀၀ထုတ်လုပ်ပေးနိုင်ပါတယ်"

ဦးထွန်းမြင့်
စက်ရုံတာဝန်ခံ။

■ *ကျေးဇူးမှ*

ရေဆင်းကြ

"ကျွန်မတို့ နောင်ချိုမြို့နယ်မှာ ပြီးခဲ့တဲ့နှစ် ကြိုက်ရာသီမှာ ကြိုက်ကေ ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့ရသည်။ ကြိုက်ကေအများဆုံးနေရာတွင် စက်ရုံ တည်ဆောက် မှင့်လှစ်ထားပုံရသည်။ ယင်းသကြားစက်ကြီးကို ဆင်းရွှေလီ သကြားစက်ဟု ခေါ်သည်။

အလုပ်အကိုင်ပိုရှိရှိ

"ဒီသကြားစက်ကြီးကို ဒေသနေ ကြိုက်တောင်သူတွေ ကြိုက်ပြီးပြီး ထွက်ရှိလာတဲ့ကြံတွေ ရောင်းချရာမှာ အခက်အခဲမရှိစေဘဲ အလွယ်တကူ ရောင်းချနိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ပါတယ်။ ဒါ့အပြင် ဒီသကြားစက်ရုံကြီး ဖွင့်လှစ်ပေးနိုင်ခဲ့တာကြောင့် ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်လမ်းများလဲ ပိုရှိ ရရှိစေမှာဖြစ်ပါတယ်" ဟု စက်ရုံတာဝန်ခံ ဦးထွန်းမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ကျွန်တော်တို့ ဒီဆင်ရွှေလီသကြား စက်ရုံကြီးကို ၂၀၀၆ ခုနှစ် သြဂုတ်လမှာ ဖွင့်လှစ်ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှာ စက်ခွမ်းအားပြည့် ထုတ်လုပ်လည်ပတ်ခဲ့ ပါတယ်။ တစ်နေ့ကို ကြိုကုန်ကြမ်း တန်ခိုရိ ၁၅၀၀ ကြိတ်နိုင်ပြီး သကြားတန်ခိုရိ ၂၀၀ ထုတ်လုပ်ပေးနိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်က တန်ခိုရိ နှစ်သောင်းကျော် ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ ဒီဧပြီဘာလမှ မတ်လအထိ ကြိုထုတ်လုပ်မှု ရပ်နားတဲ့ရာသီ ဖြစ်ပါတယ်" ဟု ဦးထွန်းမြင့်က ဆက်လက်ရှင်းပြသည်။

တိုးတက်လာ

ယင်းသကြားစက်ရုံကြီး တည်ဆောက် ဖွင့်လှစ်ခဲ့မှကြောင့် ဒေသနေ ကြိုစိုက် တောင်သူများ ကြိုစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာသကဲ့သို့ စက်ရုံ၌ စက်ရုံ ဝန်ထမ်း ၂၀၀ ခန့်နှင့် နေ့စား ၂၀၀ကို လည်း နေ့ထားနိုင်ခဲ့ကြောင်း သိရသည်။

သို့ပါ၍ နောင်ချိုမြို့နယ်တွင် သကြား စက်ရုံသစ်ကြီးပေါ်ပေါက်လာသဖြင့် ကြံစိုက် တောင်သူများ ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်မည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးပွားလာမည်ဟု အနှစ်ပင်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"သကြားစက်ရုံသစ်ကြီး ဒီဒေသမှာ ပေါ်ပေါက်လာတော့ ဒေသနေ ကြိုစိုက် တောင်သူတွေအတွက် ဝမ်းမြောက်စရာပါပဲ"

ဒေါ်နန်းလွင်လွင်စိန်
စိုက်ပျိုးရေးမန်နေဂျာ။

နောင်ချိုမြို့နယ်ရှိ ဆင်းရွှေလီသကြားစက်ရုံကြီးကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

၁၀၃၀၉ ကေရိုပါတယ်။ တစ်ဧကကို ၃၂ ဒဿမ ၁၈ တန် ထွက်ရှိပါတယ်။ စိုက်တဲ့ကြမ်းတွေကတော့ ဆင်းရွှေလီနဲ့ ရေဆင်းကြမ်းတွေ ဖြစ်ပါတယ်။ အခုလို သကြား စက်ရုံကြီး ဒီဒေသမှာပေါ်ပေါက်လာတော့ ဒေသနေ ကြိုစိုက်တောင်သူတွေ အတွက် ဝမ်းမြောက်စရာပါပဲ" ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်က မြန်မာ့အလင်းသို့ ပြောကြား သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် နောင်ချိုမြို့မှ ထွက်ခွာခဲ့ရာ သကြားစက်ရုံသို့မရောက်မီ စိုက်ပျိုးထားသော ကြိုစိုက်

နောင်ချိုမြို့နယ်တွင် သကြားစက်ရုံသစ်ကြီး ပေါ်ပေါက်လာသဖြင့် ကြံစိုက်တောင်သူများ ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်မည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးပွားလာမည်။

ဆင်းရွှေလီသကြားစက်ရုံကြီး၏ အဝင်ဆိုင်းဘုတ်နှင့် စက်ရုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၃၀ MRTV-4 အမှုင့် Logo၊ ပဌာန်းပဋ္ဌော်-မဇ္ဈဝသုတ်

၅း၁၅ MRTV-4 သတင်း

၆း၀၀ **အကြောင်းအာရုံးနှစ်ပါးစုံမှ နိဒ္ဒန်ရ** တရားတော် ဘဒ္ဒန္တဓမ္မာစရ (အောင်မဓမ္မဆရာတော်)

၆း၃၀ အံ့ဖွယ်တမှ **ဆွန်ဂိုဝူ**

၇း၀၀ MRTV-4 သတင်း

၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်

၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းမွှဲ့ကေရီ** (အပိုင်း-၆)

၈း၃၀ We Can Talk (နေမျိုးဆေ၊ သုရိန်ယု၊ မျိုးမျိုးနှင့် အနှဂ္ဃ)

၉း၁၅ Sports World (Copa Libertadores)

၉း၅၀ မန္တလေးရွှေငှက်ညနှင့် အေးအေးအောင်

၁၀း၀၅ Activities in the City စာကြည့်တိုက်ဖွင့်ပွဲနှင့် ချစ်နိုင် (စီတ်ပညာ)စာအုပ်သစ်မိတ်ဆက်ပွဲ

၁၀း၃၀ ဓွေးရုံကုတုံး

၁၀း၅၀ **သတိတစ်ချက် တစ်သက်အများ** ကျော်မင်းနောင်၊ ကြည်လဲလဲညီး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောဓနွှာလှိုင်)

၁၁း၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမွေးမွေးနှင့်တွေ့ဆုံခြင်း)

၁၁း၄၀ ဂီတသရုပ်ပြခန်း (မေသူ-ဘယ်သူ့အရေးကြီးလဲ)

၁း၁၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ယောကျ်ားမနှင့်တစ်ထောင့်တစ်ည**

၁း၃၅ တေးဂီတအစီအစဉ်

၁း၄၅ JICA Myanmar ၏ မေတ္တာကူမှုရက်များဆီသို့.... (အပူပိုင်းဒုနဲ့ ကျေးလက်ရေရှည်ရေး နည်းပညာဆီမံကိန်း)ဂျိုးလီးကျေးရွာ

၁း၀၀ **အကြောင်းအာရုံးနှစ်ပါးစုံမှ နိဒ္ဒန်ရ** တရားတော် ဘဒ္ဒန္တဓမ္မာစရ (အောင်မဓမ္မဆရာတော်)

၂း၀၀ MRTV-4 သတင်း

၂း၃၅ Fashion Music Festival (Girl Band Fashion)

၃း၂၅ Activities in the City စာကြည့်တိုက်ဖွင့်ပွဲနှင့် ချစ်နိုင် (စီတ်ပညာ)စာအုပ်သစ်မိတ်ဆက်ပွဲ

၃း၅၅ ထာဝရဝိတ်လွှမ်းခြုံခံစား ကုသိုလ်ထူးရဲ့ ခွဝိုးဟား

၄း၁၀ Music Talk (သီတာရတနာ)

၄း၂၀ ကျောက်ကပ်နှင့် ကျောက်ကပ်ရောင် ရောဂါအကြောင်း(ပါမောက္ခ ဒေါက်တာခင်မောင်ဆွေး)

၄း၄၅ ရန်ကုန်မြင်ကွင်းကဏ္ဍယ် (Breath Rx ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)

၅း၀၀ ဂီတသရုပ်ပြခန်း (မေသူ-ဘယ်သူ့အရေးကြီးလဲ)

၅း၂၅ အနုပညာမိုးကောင်းကင်

၅း၃၀ စိုက်ပျိုးဆောက်မြေမှာ (ဒေါ်နွေဥပင်စိုက်ပျိုးသူ)

၆း၀၀ MRTV-4 သတင်း

၆း၁၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမွေးမွေးနှင့်တွေ့ဆုံခြင်း)

၆း၄၅ ရန်ကုန်မြင်ကွင်းကဏ္ဍယ် (Breath Rx ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)

၇း၀၅ Fashion Music Festival (Girl Band Fashion)

၇း၄၀ Make in A Delicious Way (ရသာထူးခြားလက်ဝှေ့နှစ်ရိုးရာ ဟင်းလျာများ)

၈း၀၀ MRTV-4 သတင်း

၈း၃၀ World of Knowledge ဇာတ်လိုက်တစ်ယောက်အကြောင်း

၉း၀၀ အနုပညာမိုးကောင်းကင်

၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းမွှဲ့ကေရီ** (အပိုင်း-၆)

၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

၁၁း၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ယောကျ်ားမနှင့်တစ်ထောင့်တစ်ည**

၁း၁၀ ထာဝရဝိတ်လွှမ်းခြုံခံစား ကုသိုလ်ထူးရဲ့ ခွဝိုးဟား

၁း၃၅ စက်မှုကုန်ကြမ်းသီးနှံဝေလာဒီန်

၁း၄၅ ရန်ကုန်မြင်ကွင်းကဏ္ဍယ် (Breath Rx ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)

၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗီဆင်တင်းဖြင့် ဆက္ခယ်တကွ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်းနာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မူဆယ်ကျဆင်းရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၃ ရက် ညက ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ် ဂျိုးတန်းမြောက်(အနောက်)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဦးဝရာ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲဗိုလ်မြတ်လင်း ပညာပေးဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု

သစ်ပင်စိုက်ပျိုးပွဲတော် မူဆယ်၌ ကျင်းပ

မူဆယ် ဇူလိုင် ၈

မူဆယ်ခရိုင် မူဆယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇွန် ၁၃ရက် နံနက်က မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင် ကျေးရွာအုပ်စု မိုင်းယု (၁၀၅)မိုင်ကျေးရွာ၌ ကျင်းပခဲ့သည်။

စိုက်ပျိုး

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မူဆယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သွန်ရည်နှင့် အဖွဲ့ဝင်များ၊ မိုင်းယု ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀ တို့က သစ်ပင်များ စုပေါင်း စိုက်ပျိုးကြသည်။

(မြို့နယ် စာပေနှင့်စာနယ်ဇင်း)

✻ ရှေ့ဖုံးမှ

ရေနံနှင့်သဘာဝဓာတ်ငွေ့ဖြစ်ပေါ်လာပုံ

ဓာတ်ဆီနှင့်ဒီဇယ်မှာ ရေနံမှချက်ယူရရှိပြီး၊ စီအင်ဂျီမှာ သဘာဝဓာတ်ငွေ့ကိုသုံးစွဲခြင်း ဖြစ်ပါသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုသည်မှာ ကမ္ဘာမြေကြီးအောက် မြေလွှာအထပ်ထပ်ကြားတွင် သစ်ပင်နှင့်တိရစ္ဆာန်စသည့် သက်ရှိများ၏ ခွပ်အကြွင်းအကျန်များသည် နှစ်ပေါင်းသန်းနှင့်ချီ၍ တည်ရှိပြီး၊ ဖိအားနှင့်အပူခိုန် သက်ရောက်မှုကြောင့် ဓာတ်ပြောင်းလဲမှုများ ဖြစ်လာရာတွင် အောက်ဆီဂျင်သည် ဖယ်ရှားခံရကာ ကာဗွန်နှင့် ဟိုက်ဒရိုဂျင်တို့သာလျှင် အဓိကဖြစ်စင်များ အဖြစ်ကျန်ရစ်ခဲ့ပါသည်။

ယင်းဖြစ်စင်တို့သည် တစ်ခုနှင့်တစ်ခု နည်းအမျိုးမျိုးဖြင့်ပူးပေါင်းကာ ဟိုက်ဒရိုကာဗွန်ဟုခေါ်သည့် အရာဝတ္ထုများကို တည်ဆောက်ကြသည်။ ရေနံနှင့်ဓာတ်ငွေ့တို့သည် ဟိုက်ဒရိုကာဗွန် အမျိုးမျိုးတို့ ရောနှောပါဝင်မှုဖြင့် တည်ဆောက်ထားကြသော အရာဝတ္ထုများဖြစ်ကြပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီးပွားဖြစ်တွေ့ရှိနိုင်မှုအတွက် အောက်ပါအချက် (၃)ချက်ပြည့်စုံရပါမည်-

(၁) ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်ပေါ်နိုင်မည့်ပစ္စည်း အထက်ဖော်ပြပါ Source များ ရှိရပါမည်၊

(၂) ရေနံနှင့်သဘာဝဓာတ်ငွေ့များရွေ့လျားလာပြီး ဗလာပေါက်များပါသည့် စိမ့်ဝင်ကာခဲအောင်းနိုင်သော (Porous & Permeable) သဲကျောက်လွှာ၊ ထုံးကျောက်လွှာများ ရှိရပါမည်၊

(၃) ထိုစုပေါင်းခဲအောင်းနေသော ရေနံနှင့်သဘာဝဓာတ်ငွေ့များ အခြားသို့ ထပ်ခဲရွေ့လျား မသွားစေရန် လေးဖက်လေးလံတွင် လိပ်ကျောခုံးကဲ့သို့ အမာခံနှင့်ကာရံထားမှု ရှိရပါမည်၊



CNG CONVERSION KIT တွင် ပါဝင်သောပစ္စည်းများ

သဘာဝဓာတ်ငွေ့ ဖွဲ့စည်းပုံနှင့်ဂုဏ်သတ္တိ

သဘာဝဓာတ်ငွေ့သည် ကမ္ဘာမြေအောက်တွင် ရေနံနှင့်ရောနှော၍ Associated gas အဖြစ်သော်လည်းကောင်း၊ လေဆီဟုခေါ်သော Condensate နှင့်ရောရှိ၍ Wet gas အဖြစ်သော်လည်းကောင်း၊ ဓာတ်ငွေ့သက်သက် Dry gas အဖြစ်သော်လည်းကောင်း တည်ရှိနေတတ်ပါသည်။ သဘာဝဓာတ်ငွေ့ဆိုသည်မှာ ဟိုက်ဒရိုကာဗွန်အမျိုးမျိုးတို့ ရောနှောနေသောဓာတ်ငွေ့ဖြစ်ပြီး၊ နိုက်ထရိုဂျင်ဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့၊ ဟိုက်ဒရိုဂျင်ဆာလဖိုက်တို့ အနည်းနှင့်အများ ပါဝင်ရောနှောနေတတ်ပါသည်။ Wet Gas တွင် တစ်ခါတစ်ရံ မာကျူရီအနည်းငယ် ပါဝင်တတ်ပါသည်။ သဘာဝဓာတ်ငွေ့တွင် နိုက်ထရိုဂျင် ဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တို့သည် အချို့နေရာများတွင် ရာခိုင်နှုန်းအတော်များများအထိ ပါဝင်တတ်ပါသည်။

ဟိုက်ဒရိုကာဗွန်ဆိုသည်မှာ ဟိုက်ဒရိုဂျင်မော်လီကျူးများနှင့် ကာဗွန်မော်လီကျူးများ ပေါင်းစပ်ပြီး ဖြစ်ပေါ်လာသော ဓာတ်ငွေ့ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့တွင်ပါဝင်သော ဟိုက်ဒရိုကာဗွန်များမှာ ဟိုက်ဒရိုဂျင်မော်လီကျူးများနှင့် ကာဗွန်မော်လီကျူးများ အရေအတွက်အမျိုးမျိုးတို့ဖြင့် ပေါင်းစပ်ဖြစ်ပေါ်လာသော ဟိုက်ဒရိုကာဗွန်များအနက်မှ မီသိန်း၊ အီသိန်း၊ ပရိုပိန်း၊ ဗြူတိန်း၊ ပင်တိန်း၊ ဟက်စိန်း၊ ဟက်တိန်းစသည်တို့ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံတွင် စီအင်ဂျီမော်တော်ယာဉ်များ

ကျယ်ကျယ်ပြန့်ပြန့်ပြောင်းလဲခြင်း

မြန်မာနိုင်ငံတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ၂၀၀၄ခုနှစ် သြဂုတ်လမှစ၍ သဘာဝဓာတ်ငွေ့ မော်တော်ယာဉ်များပြောင်းလဲခဲ့ရာ ယခုအချိန်တွင် စီအင်ဂျီမော်တော်ယာဉ်စီးရေ ၂၅၃၉၇ စောင်းနှင်နေပြီ ဖြစ်ပါသည်။ စီအင်ဂျီအရောင်းဆိုင် (၄၁)ဆိုင်ကိုလည်း ဖွင့်လှစ်ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း စီအင်ဂျီယာဉ်များ ပြောင်းလဲတပ်ဆင်ခြင်း၊ စီအင်ဂျီအရောင်းဆိုင် ငါးဆိုင်ထိုးဖွဲ့၍ အသစ်ခြောက်ဆိုင် ဆက်လက်တည်ဆောက်ခြင်းများကို အမြန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ နှစ်မျိုးစလုံးထွက်ရှိသော နိုင်ငံဖြစ်ပါသည်။ တမ်းလွန်နှစ်လယ်ပြင်တွင် သဘာဝဓာတ်ငွေ့မြေများ တစ်ခုပြီးတစ်ခု ရှာဖွေတွေ့ရှိပြီးလည်း ဖြစ်သဖြင့် သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍ ပေါကြွယ်ဝသော နိုင်ငံဖြစ်ပါသည်။ ထို့ပေါ်ကြွယ်ဝသော သယံဇာတတစ်ခုဖြစ်သည့် သဘာဝဓာတ်ငွေ့ကို စျေးနှုန်းကြီးမြင့်သော ဓာတ်ဆီနှင့်ဒီဇယ်နေရာတွင် အစားထိုးသောင်းနှင်း အသုံးပြုခြင်းဖြင့် ထိုင်းပြည်အတွက် ကုန်ကျစရိတ်မြောက်မြားစွာ သက်သာစေပါသည်။

မြန်မာနိုင်ငံတွင် ၁၉၈၆ခုနှစ်မှ စတင်၍ စီအင်နဂျီစီမံချက်ကို စွမ်းအင်ဝန်ကြီးဌာန က ဆောင်ရွက်ခဲ့ပြီး ရန်ကုန်၊ ချောက်နှင့် ရေနံချောင်းမြို့များတွင် ခရီးသည်တင် စီအင်နဂျီယာဉ်အစီးရေ ၅၀၀ကျော် ပြောင်းခဲ့ခဲ့ရာ စီအင်နဂျီအတွေ့အကြုံ ရရှိပြီးဖြစ်ပါသည်။ စတင်ဆောင်ရွက်စဉ်ကလည်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် စတင်စမ်းသပ်သည့် ကာလတွင် စီအင်နဂျီပစ္စည်းများကို ဝယ်ယူအသုံးပြုခဲ့ခြင်းမဟုတ်ဘဲ ရေနံချေမြေ့ ရေနံလုပ်ငန်းသုံး ပစ္စည်းအဟောင်းများနှင့်သာ အသုံးပြုခဲ့ရခြင်းဖြစ်ပါသည်။ အောက်ဆီဂျင်စက်ခွံမှ ကွန်ပရက်ဆာ (Air Compressor) ကို စီအင်နဂျီကွန်ပရက်ဆာအဖြစ်လည်းကောင်း၊ ရေနံတွင်းများတွင် အသုံးပြုသည့် တွင်းကာပိုက် (Casing)များကို စီအင်နဂျီဆလင်ဒါ အဖြစ်လည်းကောင်း၊ အောက်ဆီဂျင်ရိုက်ကွင်းများနှင့် အယ်ဒီဂျီရိုက်ကွင်းများကို စီအင်နဂျီ ရိုက်ကွင်းအဖြစ်လည်းကောင်း၊ စမ်းသပ်အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပစ္စည်းများဖြင့် စမ်းသပ်အောင်မြင်မှု စီအင်နဂျီပစ္စည်းများ ဝယ်ယူခြင်းဖြစ်သဖြင့် စီအင်နဂျီစမ်းသပ်ခြင်းနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနှင့် ပြီးပြတ်တွေ့ကြုံ ရရှိခဲ့ပါသည်။

ဓာတ်ဆီမော်တော်ယာဉ် (Gasoline Vehicle)၊ ဒီဇယ်မော်တော်ယာဉ် (Diesel Vehicle) တု အလွယ်တကူခေါ်ဆိုသကဲ့သို့ သဘာဝဓာတ်ငွေ့မော်တော်ယာဉ် (Natural Gas Vehicle - NGV) တုခေါ်ဆိုရမည်လည်း မြန်မာနိုင်ငံတစ်ခုန်းလုံးတွင် စီအင်နဂျီ မော်တော်ယာဉ်တုခေါ်ဆိုသည်ကို ပိုမိုတွင်ကျယ်နေပါသည်။ စီအင်နဂျီမှာ Compressed Natural Gas ကို ဆိုလိုပါသည်။ မော်တော်ယာဉ်ပေါ်တွင် နေရာကျဉ်းကျဉ်းနှင့် ဓာတ်ငွေ့များများသယ်သွားနိုင်ရန် ဓာတ်ငွေ့ကို သံမဏိအိုးထူထူထဲတွင် ဖိအားများများဖြင့် ဖိသိပ်သယ်ဆောင်ရသဖြင့် စီအင်နဂျီမော်တော်ယာဉ်ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

အင်ဂျင် (Engine) တည်ဆောက်မှုအခြေခံ

စက်တစ်ခုကို အလုပ်လုပ်စေရန်အတွက် 'တော့' (Torque) ပေးပြီး လည်ပတ်ပေးသောပစ္စည်းကို အင်ဂျင်ဟုခေါ်ဆိုပါသည်။ အင်ဂျင်များမှာ Prime Mover များဖြစ်ကြပါသည်။ အင်ဂျင်များသည် External Combustion Engine ဖြစ်သော ရေနွေး၊ ငွေ့အင်ဂျင်နှင့် Internal Combustion Engine ဖြစ်သော တာဘိုင်အင်ဂျင် (ရေ၊ ရေနွေးငွေ့၊ ဓာတ်ငွေ့) ရိုးတရိုး (Rotary) အင်ဂျင်၊ ရိစီပရိုကိတ်တင်း အင်ဂျင် (Reciprocating Engine) တို့ ဖြစ်ကြပါသည်။ ရိစီပရိုကိတ်တင်းအင်ဂျင်များကို မော်တော်ယာဉ်များတွင် အသုံးပြုကြပါသည်။

လောင်စာဆီနှင့် အောက်ဆီဂျင် (လေ) တို့ပေါင်းစပ်ပြီး မီးရှို့ပေါက်တွဲစေခြင်းဖြင့် မြင့်မားသော အပူခိုန်နှင့် ဖိအားရှိသော ဓာတ်ငွေ့များဖြစ်ပေါ်ကာ တွန်းကန်မှု ဖြစ်ပေါ်စေသော သဘောတရားရှိသည့် Spark Ignition စနစ်ကို အခြေခံကာ ၁၈၇၆ခုနှစ်တွင် Mr. Nikolaus Otto မှ ဓာတ်ငွေ့ဖြင့် မောင်းနှင်သော အင်ဂျင်ကို စမ်းသပ်ခဲ့ပါသည်၊ ယင်းကိုအစွဲပြု၍ Spark Ignition Reciprocating Four Stroke Cycle ကို Otto Cycle ဟုခေါ်ကြပါသည်။ ၁၉၀၀ပြည့်နှစ်တွင် Mr. Rudolf Diesel မှ လေကိုဖိအားဖြင့် အပူခိုန်မြင့်တက်စေပြီး လောင်စာဆီပန်းထည့်ပေးခြင်းဖြင့် အလိုအလျောက် မီးလောင်ပေါက်ကွဲကာ တွန်းကန်မှု ဖြစ်ပေါ်သော သဘောတရားရှိသည့် Compression Ignition စနစ်ကို အခြေခံကာ မြေဖဲဆီနှင့် မောင်းနှင်သောအင်ဂျင်ကို စမ်းသပ်ပြခဲ့ပါသည်။ ယင်းကိုအစွဲပြု၍ Compression Ignition Reciprocating Four Stroke Cycle ကို Diesel Cycle ဟုခေါ်ပြီး အင်ဂျင်ကို Diesel အင်ဂျင်ဟုခေါ်ပါသည်။

၁၉၄၀ပြည့်နှစ် ဝန်းကျင်မှစ၍ ရေနံကုမ္ပဏီများ၏ ကြီးစိုးချုပ်ကိုင်မှုကြောင့် မော်တော်ယာဉ်များကို ဓာတ်ဆီယာဉ်နှင့် ဒီဇယ်ယာဉ်ဟူ၍သာ အဓိကထားထုတ်လုပ်ခဲ့ကြပါသည်။ အထူးသဖြင့် လူစီးယာဉ်နှင့် ကုန်တင်ယာဉ်အလယ်များကို ဓာတ်ဆီအင်ဂျင်ဖြင့် မောင်းနှင်ကြပြီး ကုန်တင်ယာဉ်အကြီးများကို ဒီဇယ်အင်ဂျင်နှင့် မောင်းနှင်ကြပါသည်။ ဓာတ်ဆီအင်ဂျင်သည် Spark Ignition စနစ်ဖြစ်ပြီး အကယ်သနေ၁ မော်သနေ၁သည့် အရည်များ၊ မီသိန်း၊ ပရိုပိန်း၊ ဗြူတိန်း၊စသည့် ဓာတ်ငွေ့များနှင့် အင်ဂျင်၏ဒီဇိုင်းကို ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရဘဲ မောင်းနှင်၍ ရပါသည်။ ဒီဇယ်အင်ဂျင်သည် Compression Ignition စနစ်ဖြစ်ပြီး၊ Bio Diesel အားလုံးဖြင့် အင်ဂျင်၏ ဒီဇိုင်းအား ပြုပြင်ပြောင်းလဲခြင်းမပြုလုပ်ရဘဲ မောင်းနှင်၍ ရပါသည်။

အော့ဘတ်နံး (Octane) နံပါတ်နှင့် စီတိန်း (Cetane) နံပါတ်

Spark Ignition အင်ဂျင်တွင် အသုံးပြုသော လောင်စာဆီ၏ Anti knock quality ကို Octane နံပါတ်ဖြင့် သတ်မှတ်ပြီး၊ Octane နံပါတ်ကြီးလေ Anti knock quality ပိုကောင်းလေဖြစ်ပါသည်။ ဓာတ်ဆီ Octane နံပါတ်အဖြင့်ဆုံးသည် ၁၀၀အထိ ရှိပါသည်။

Compression Ignition အင်ဂျင်တွင် အသုံးပြုသော လောင်စာဆီ၏ Auto ignition quality ကို Cetane နံပါတ်ဖြင့်သတ်မှတ်ပြီး၊ Cetane နံပါတ်ကြီးလေ Auto ignition quality ပိုကောင်းလေဖြစ်ပါသည်။ ဒီဇယ်ဆီ Cetane နံပါတ် အဖြင့်ဆုံးသည် ၅၅အထိ ရှိပါသည်။

မီသိန်းသည် Octane နံပါတ် ၁၃၀ ရှိသဖြင့် Spark Ignition အင်ဂျင်များတွင် အသုံးပြုရန် ကောင်းမွန်သော လောင်စာဆီအမျိုးအစားဖြစ်ပါသည်။ မီသိန်းသည် Cetane နံပါတ် ၄သာရှိသဖြင့် Compression Ignition အင်ဂျင်များတွင် တိုက်ရိုက်အသုံးပြုရန် မသင့်လျော်ပါ။

ဓာတ်ဆီအင်ဂျင်ကို စီအင်နဂျီနှင့်မောင်းနှင်ခြင်း

ဓာတ်ဆီအင်ဂျင်တစ်ခုကို စီအင်နဂျီဖြင့် ပြောင်းလဲမောင်းနှင်ပါက အင်ဂျင်ပါပါ အနည်းငယ် လျော့သွားခြင်းနှင့်ပတ်သက်၍ ဘယ်လောက်လျော့သွားသလဲ၊ ဘာကြောင့် လျော့ရသလဲ စသည်ဖြင့် မေးမြန်းတတ်ကြပါသည်။

ထိုမေးခွန်းနှင့်ပတ်သက်၍ဖြေရန်မှာ အချက်သုံးချက်ပေါ်တွင် အခြေခံ၍ အင်ဂျင်ပါပါ ကွာခြားမှုမှာ ဖြစ်ပေါ်ပါသည်။

လောင်စာဆီနှစ်ခုမှာ လောင်ကျွမ်းမှုဖြစ်ပေါ်ရာတွင် စွမ်းအင်ထုတ်ပေးနိုင်မှုနှင့် လောင်ကျွမ်းမှုသဘာဝသတ္တိများကြောင့် ထုတ်ပေးသည့်ပါဝါကွာခြားခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ပါဝါသည် လောင်စာဆီနှင့် ဆက်သွယ်မှုရှိသည့် အချက်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အသံ သတင်းပဒေသာအတိုအထွာ

ရန်ကုန် နှုလိုင် ၈

ဆရာဝန်အသင်း(ပုသိမ်) ညီလာခံကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)၏ ဧရာဝတီတိုင်းဆရာဝန်များညီလာခံနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲတို့ကို နိုဝင်ဘာ ၁၉ရက်မှ ၂၀ရက်အထိ ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်းအဆောက်အအုံ၌ကျင်းပမည်ဖြစ်ရာ ဆေးပြန်ခန်းကျင်းပြသလို့ပါက ဖုန်း-၀၄၂-၂၄၂၉၄၄ ၀၉-၈၅-၆၈၆၃၂၇၆ သို့ ဆက်သွယ်နိုင်သည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဟောပြောပွဲ

မြန်မာနိုင်ငံတွင်မျှတောသည်အရှင်းအသင်းကကြီးမှူး၍ IT Industry တွင် ဆောင်ခဲ့အင်ဂျင်နီယာပညာအဖြစ် ဝင်ရောက်လုပ်ကိုင်ရန်ရည်ရွယ်ထားသောလူငယ်များအတွက် Career Path Ways ကို ရှင်းလင်းစွာသိစေရန် နှုလိုင်၁၁ရက်(စနေနေ့)နံနက်၀၉နာရီ တွင် လှိုင်မြို့နယ် မြန်မာ့ဆင်ဖိုကက်ခ်ပင်မဆောင်၌ ဟောပြောပွဲကျင်းပမည်ဖြစ်ရာ အိုင်တီကို စိတ်ဝင်စားသူတိုင်း အခမဲ့တက်ရောက်ဆွေးနွေးနိုင်ပြီး ဖုန်း-၀၆၁၂၆၃၃၇ ဆက်သွယ်နိုင်သည်။

ပုသိမ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ပုသိမ်အသင်း(ရန်ကုန်)၏ ဘွဲ့တံဆိပ်မွမ်ြှင့်ပ(ထုပ်ပြွဲနှင့် စုလိုင်းအလှူပွဲကို နှုလိုင် ၂၆ရက်(တနင်္ဂနေ့)နံနက်စာရီတွင် အမှတ် ၂၁/၄၁(စီ) ကြားတောရလမ်း၊ ရွှေတိဂုံအရှေ့ဘက်မှခံ ရောဝတီတိုင်းခွေးရုံ၌ကျင်းပမည်ဖြစ်ရာ လူငါးနိုးလိုပါက ဖုန်း-၃၇၃၂၅၈ သို့ ဆက်သွယ်နိုင်သည်။

အရေးပေါ်သွေးလိုအပ်က ဆက်သွယ်နိုင်ကြ

မြန်မာနိုင်ငံဆရာဝန်အသင်းမှ လူငယ်ဆရာဝန်များ၊ လူငယ်များပါဝင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံဆရာဝန်အသင်းသွေးလှူဒါန်းရေးအဖွဲ့သို့ အရေးပေါ်သွေးလိုအပ်ပါက ဖုန်း-၀၉-၅၁-၇၆၃၁၀၃၇ မည်သူမဆို ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ဟိုတယ်လုပ်ငန်းရှင်အသင်း ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဟောပြောပွဲကို ဩဂုတ် ၆ရက် (ကြာသပတေးနေ့)ဘို့ ပြောင်းလဲကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အရှေ့လာဇာစာပုတိုက်ယှဉ် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ သာမက စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။

အမြင်သစ်စာပေ ရွှားပါးစာအုပ်အရောင်းပွဲတော်

အမြင်သစ်စာပေ၏ အဋ္ဌမအကြိမ်မြောက် အထူးရွားပါးစာအုပ်များရောင်းပွဲပြပွဲကို နှုလိုင် ၈ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းဆောင့် (ပထမထပ်)လောကနတ်ခန်းဓာ၌ နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်း ပြသရောင်းချပွဲကျင်းပသည်။

သုတေသနစာတမ်းဖတ်ပွဲအပတ်စဉ်ကျင်းပမည်

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ သုတေသနစာတမ်းဖတ်ပွဲကို အပတ်စဉ် တနင်္လာနေ့တိုင်း နံနက် ၉ နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ အဆိုပါစာတမ်းဖတ်ပွဲသို့ တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြင်ပပုဂ္ဂိုလ်ဝင်စားသူများ တက်ရောက် ဆွေးနွေးနားထောင်နိုင်ကြောင်း သိရသည်။

ပုလောအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို အဆိုပါအသင်းတိုက်၌ နှုလိုင် ၁၂ ရက်(တနင်္ဂနေ့) မနှံ့းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ လူငါးနိုးလိုပါက ဖုန်း-၅၄၁၆၂၂ နှင့် ၂၂၉၇၇၁၀၇၆ သို့ ဆက်သွယ်နိုင်ပြီး အသင်းသား အသင်းသူများ တက်ရောက်ရန် မိန့်ဆော်ထားသည်။

စာရေးဆရာ ဆရာဝန်များ စာပေဟောပြောပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်းခန့်အမဆောင်(အေ)၌ စာရေးဆရာ ဆရာဝန်များအဖွဲ့က ကြီးမှူး၍ စာပေဟောပြောပွဲကို နှုလိုင် ၁၁ ရက်(တနင်္ဂနေ့) မနှံ့းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများတက်ရောက်နိုင်ပြီး စာရေးဆရာဝန်ဖြစ်ခွင့် စာရေးဆရာမ မြနောင်းညီတို့က ဟောပြောကြမည်ဖြစ်သည်။

စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန်တိုင်း သာကေတမြို့နယ် (၅)ရပ်ကွက်မှ သွေးလှူရှင်အဖွဲ့၏ ဗဟို အမျိုးသားသွေးဘာဏ်သို့ သွေးလှူဒါန်းပွဲကို နှုလိုင် ၁၁ ရက်(တနင်္ဂနေ့) နံနက်၀၉နာရီတွင် သာကေတ မြို့နယ်ရှိ သုမနဓမ္မိဓာန်ကျင်းပမည်ဖြစ်ရာ စေတနာရှင်သွေးလှူဒါန်းလိုသူများ လာရောက် လှူဒါန်းနိုင်သည်။ ။ (မြန်မာ့အသံ)

စုစည်းရေးသားသူ - ဝင်းကျော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် ဒီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန နေပြည်တော် (၂၀၀၉ခုနှစ်၊ ဇူလိုင်လ ၉ရက်) ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် ရွေးချယ်ခံရသူများ၏ အမည်စာရင်းထုတ်ပြန်ကြေညာခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် ဒီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် ရွေးချယ်ခြင်းခံရသူ အမည်စာရင်းများကို ရုံးအမှတ်(၁) နေပြည်တော်နှင့် ပြည်နယ်၊ တိုင်းစီမံကိန်းဦးစီးရုံးများတွင် ၉-၇-၂၀၀၉ရက်မှစ၍ ထုတ်ပြန်ကြေညာရမည် ဖြစ်ပါသည်။

၂။ ရွေးချယ်ခံထားရသူများသည် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁)နေပြည်တော်သို့ လူကိုယ်တိုင်လာရောက် သတင်းပို့ကြရန် ဖြစ်သည်။ ရွေးချယ်ခံထားရသူများသည် ၁-၈-၂၀၀၉ ရက် ရုံးချိန်တွင် အလုပ်သင်အဖြစ် အလုပ်စတင်ဝင်ရောက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သော အသုံးအဆောင်ပစ္စည်းများနှင့် ပတ်(စ်)ပိုတာပဲ့(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းတို့ကို တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပါသည်။

၃။ နေပြည်တော်ရုံး အမှတ်(၁)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (အုပ်ချုပ်ရေးကဏ္ဍ)သို့ ၃၀-၇-၂၀၀၉ ရက်နှင့် ၃၁-၇-၂၀၀၉ ရက်တို့တွင် သတင်းပို့ရမည် ဖြစ်ပါသည်။

မှတ်သားဖွယ်ရာဝိုးရေချိန်

၈-၇-၂၀၀၉

ကိုကိုးကျွန်း	၂ ဒဿမ	၄၀ လက်မ
သံတွဲ	၂ ဒဿမ	၁၂ လက်မ
စစ်ကွေ့	၂ ဒဿမ	၀၅ လက်မ
ရေးမြို့	၁ ဒဿမ	၃၄ လက်မ
မင်းဘူး	၀ ဒဿမ	၀၈ လက်မ

ချိုပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ် လီမိတက်ပိုင် အောက်ဖော်ပြပါ မော်တော်ယာဉ်ငါးစီးကို မျက်မြင်အခြေအနေအတိုင်း ချိုပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမှတ်	ယာဉ်အမျိုးအစား	တည်နေရာ
(၁)	၈၂-၄၆၈၁	(TE-11)ကုန်တင်ယာဉ်(၁)စီး	မကွေး
(၂)	၁၈က-၆၉၄၂	(ဘတ်စ်)ခရီးသည်ယာဉ်(၁)စီး	မကွေး
(၃)	၂၈က-၇၉၀၈	(ဘတ်စ်)ခရီးသည်ယာဉ်(၁)စီး	မကွေး
(၄)	၅၈က-၈၁၃၃	(ဘတ်စ်)ခရီးသည်ယာဉ်(၁)စီး	မကွေး
(၅)	၆က-၆၉၂၅	(ဘတ်စ်)ခရီးသည်ယာဉ်(၁)စီး	ပိတ်ချင်းခြောင်းပြင်ဦးလွှင်မြို့

၂။ ၂၄-၇-၂၀၀၉ ရက်၊ ၁၇း၀၀ နာရီ နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို မကွေးတိုင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်လီမိတက်၊ မကွေးမြို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံထုခွဲရောင်းချရေးကော်မတီ

ဖုန်း-၀၆၃-၂၂၀၆၀၊ ၂၃၁၃၊

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၆၁၈၇ ယာဉ်လက်ပတ်ရိုက်သူ ဦးဇွေးဆော် ၉/မနတ (နိုင်) ၁၀၅၈၀၈က ယာဉ်မှတ်ပုံတင်စာအုပ်(က၀-၃)မှောက်ဆုံး၌ မိတ္တူထုတ်ပေးရန် လျောက်ထားလာပါသည်။ ကနဦးကလိုပါက နိုင်ငံလုံးသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူတိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန်၊ အနောက်ပိုင်းနရိုင်ရုံး၊ ရန်ကုန်မြို့။**

ဖခင်အမည်ဖုန်

ဝန်းမော်မြို့ အထက(၂)အတန်း (B)မှ မောင်အောင်ကောင်းမြတ်နှင့် စတုတ္ထတန်း (B)မှ မသုလဲရတနာတို့၏ ဖခင်အမည်ပျက်မှားဦးလွှင်မြစ်ပါကြောင်း။

ဦးလွှင်

၉/တကန(နိုင်)၀၁၈၃၆၆။

အမည်ပြောင်း

အဖ ဦးကျော်ဝဏ္ဏာ၏ သမီး ရန်ကုန်မြို့ အထက(၂) ကမာရွတ် Grade - 6 (B) မှ မယုသန္တာအား မယုသန္တာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မယုသန္တာကျော်။



ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်မင်းဦး ၁၂/ဗဟန (နိုင်) ၀၉၃၀၉၉၈၏ နိုင်ငံကူးလက်မှတ် အမှတ်-၈၁၆၃၀၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၄၆၆၉၊ ၀၉-၅၁-၁၅၂၁၆။

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ထင်လင်း၏ နိုင်ငံကူးလက်မှတ် အမှတ်-ခစ၆၉၇၃၁၃၉ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၆၆၃၉၃၊

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဝဲခူတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့ နဝင်းကိုးချဲရပ်၊ ရွှေတောင်ချောင်းလမ်း၊ အိမ်အမှတ်(၂/ဂ)ရှ ဦးတင်ရွှေ ၇/ပမန(နိုင်)၀၀၆၈၈၉ ၏သမီးဖြစ်သူ မခင်မျိုးသိမ့် PME-၁၆၂၃၃၀ သည် မိဘများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြမ်းဖြစ် ပြလုပ်ခြင်း၊ မိဘဆောင်ရမများ ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ပြလုပ်ခြင်း များအတွက် ယနေ့မှစ၍ မခင်မျိုးသိမ့် PME-၁၆၂၃၃၀ အား အမွေစားအဖြစ် သမီးအဖြစ်မှ အမျှပြတ် စွန့်လွှတ်လိုက်ပါသည်။ မခင်မျိုးသိမ့်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမဆို တာဝန်ယူဖြေရှင်းလိမ့်မည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စံစစ်မေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးတင်ရွှေ

၇/ပမန(နိုင်)၀၀၆၈၈၉

၂/၈၊ ရွှေတစ်ချောင်းလမ်း၊ နဝင်းကိုးချဲရပ်၊ ပြည်မြို့။

အမြန်ဆက်သွယ်ပါရန်

အထက်ဖော်ပြပါ အသက်(၂၅)နှစ်ခန့် အနက်ရောင်ပေါ် အပါမှင့်အင်္ကျီရင်စေ့၊ အဝါအပေါ်အစိမ်းနှင့် အညှပ်မှင့် ထာဝီတင်ဆင်ထားသူ မြန်မာအမျိုးသမီးဘန်းဦး ပျောက်ဆုံးနေပါက ဖုန်း-၂၉၆၄၅၄၄၊ ယာဉ်မှူးစံရဲခန်း၊ ၅၁လမ်း၊ ပုန်းတောင်မြို့နယ်သို့ ဆက်သွယ်နိုင်ရန်။

ယာဉ်မှူးစံရဲခန်း

၅၁လမ်း၊ပုန်းတောင်မြို့နယ်၊

ဖုန်း-၂၉၆၄၅၄။

အင်းစိန် အထက(၂)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း ရဲတပ်မဖွဲ့ ကြိုးမဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲဘီးဒိုးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်၊ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မြင့်ကြည်တို့သည် ဇူလိုင် ၇ရက် နံနက် ၁၀နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ အင်းစိန်မြို့နယ် အထက(၂)ရှိ ဆရာဆရာမ၊ ကျောင်းသူ၊ ကျောင်းသား ၃၃၅ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

(အမေါ်ဝံ့) (ယာဉ်ထိန်းတပ်ဖွဲ့)

ပိုးရာသီသစ်ပင်စိုက်ပွဲတော် ကလေးမြို့၌ကျင်းပ

ကလေး ဇူလိုင် ၈

စစ်ကိုင်းတိုင်း ကလေးမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၇ရက် နံနက်စနာရီက ကလေးမြို့နယ် နတ်ချောင်း ကျေးရွာ၌ ကျင်းပခဲ့သည်။

မိုက်ပျိုး

အခမ်းအနားသို့ ကလေးတပ်ဖွဲ့မှ ဗိုလ်မှူးချုပ်အောင်စန်းချစ်နှင့် တပ်ရင်း တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီဥက္ကဋ္ဌ များနှင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အားဘဝဝကျော်တက်ရောက် ကြပြီး နတ်ချောင်းကျေးရွာမှ အိမ်ထောင်စု တစ်စုလျှင် ကျွန်းသုံးပင်နှုန်းဖြင့် စုစုပေါင်း ကျွန်းပင် ၁၀၀၀ကို မိုက်ပျိုးကြသည်။

(ခရိုင် မြန်/ဆက်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြော

မြန်အောင် ဇူလိုင် ၈

မြန်အောင်မြို့နယ်သစ်တောဦးစီးဌာနက ကြီးမူး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာ မူလတန်း လွန်ကျောင်း၌ ဇွန် ၂၁ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မျှင်ဝါးတောင်ကျေးရွာ ဆရာတော် ဘဒ္ဒန္တကုသလစာရက ဩဝါဒ အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးတင်တိုးက သစ်ပင် သစ်တောများ၏ အရေးပါပုံနှင့် တစ်ရွာလျှင် သစ်မာ (ယွကလစ်) တစ်ကေဂိုက်ပျိုးရေး၊ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

တက်ရောက်

ထို့နောက် တက်ရောက်သူများက ဆွေးနွေးမှုကို ပြန်လည်ဖြေကြားပြီး **(အမေါ်ဝံ့)** အခမ်းအနားသို့ ကျေးရွာပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ ၂၀၀ ကျော်ခန့် တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားနှင့် အမျိုးသမီးဘောလုံးအသင်း မြိတ်တက္ကသိုလ်တွင် ဖွဲ့စည်းလေ့ကျင့်နေ

မြိတ် ဇူလိုင် ၈

မြန်မာ့အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးအတွက် တစ်ဖက် တစ်ဝန်းမှ အထောက်အကူပြုနိုင်ရန် မြိတ်တက္ကသိုလ် အားကစားနှင့် ကာယပညာ ကော်မတီနာယက မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေ၏ စီစဉ်မှုဖြင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ဇွန်အဆင့်(တက္ကသိုလ်) အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြိတ်တက္ကသိုလ်ဘောလုံးအသင်းဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်း၊ အတွင်းရေးမှူး ဒေါက်တာမိုင်းကျော်ထွန်းတို့ကကြီးကြပ်ယျက် မြိတ်တက္ကသိုလ် လက်ရွေးစင် အမျိုးသား၊ အမျိုးသမီးဘောလုံးအသင်းများကို ဖွဲ့စည်းလေ့ကျင့်ပေးလျက်ရှိသည်။

(မြိတ်တက္ကသိုလ်)

ရန်ကုန်တိုင်း မိုးဝါစိုက်ပျိုးရန် ဘက်ဒျေးဒေတုတ်ချေးပြီး

ရန်ကုန် ဇူလိုင် ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖြန်ဖာလယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ဘဏ်ခွဲ ၁၃ခုတို့က မိုးစပါး စိုက်ပျိုးကြမည့် တောင်သူ ၁၁၈၀၄၄ဦး တို့အား မိုးရာသီ ဘဏ်ချေးငွေကျပ် ၉၆၀၃ ဒသမ ၁၀သန်းကို စိုက်ပျိုးချိန် အခြေ ထုတ်ချေးပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လွန်ခဲ့သောဘဝမြင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် (၁၀/၂၀၀၉)ကို ဇူလိုင်၂၅ရက်မှစ၍ ရုံးရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး ၃၀သာ လက်ခံသင်ကြား မည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ ဇူလိုင် ၁၇ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(အမျိုးသမီးရေးရာ)

ကြေးမုံသတင်းများ

ခြင်ဆေးပျှန်း

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းနိုင် ဦးစီးပြု ဝန်ထမ်းများ မြို့မွေးကြီးရှိ ရေးဆိုင်းများ၊ ရေဖြောင်းများကို ခြင်ဆေးပျှန်း ခြင်း ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

မြေယာရှာင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံတွင် မြေယာရှာင်းအလုပ်ပြင်ထားရှိမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

ကမ္ဘာတစ်လွှား ထူးထူးခြားခြားဖြစ်ရပ်များကို စုစည်းဖော်ပြလိုက်ရပါသည်-

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

တစ်မိနစ်အတွင်း ပုလင်းအုံး ၇၁ လုံးကို ဖွင့်နိုင်သူ

ဖြတိမ်နိုင်ငံ လန်ဒန်မြို့သား အဒမ်ဒေါ်လမင်းအမည်ရှိ အမျိုးသားတစ်ဦးက လန်ဒန်မြို့တွင် ဇွန် ၂၉ ရက်က အချိုရည်ပုလင်း ၇၁ လုံးမှ ပုလင်းအုံးများကို အချိန်တစ်မိနစ်အတွင်း ဖွင့်နိုင်ခဲ့ရာ ကမ္ဘာပေါ်၌ အမြန်ဆုံး အချိုရည်ပုလင်းဖွင့်နိုင်သူအဖြစ် ဂင်းနက်စ်စံမှတ်တမ်းဝင် ဖော်ပြခံရသည်။ (အပေါ်ပုံ) (အင်တာနက်)

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသား

ဖြတိမ်နိုင်ငံ လန်ဒန်မြို့ရှိ ဟင်ရီအယ်လင်ဟမ်အမည်ရှိ အမျိုးသားကြီးမှာ ပြီးခဲ့သည့် ဇွန် ၆ ရက်က အသက် ၁၁၃ နှစ်ပြည့်ခဲ့ရာ ကမ္ဘာပေါ်တွင်သက်ရှိထင်ရှား နေထိုင်လျက်ရှိသော အမျိုးသားများအနက် အသက်အကြီးဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ၎င်းသည် ပထမကမ္ဘာစစ်အတွင်းက စစ်မြေတိုက်ခိုက်ခဲ့ဖူးသည်။ (ယာပုံ)

(ဟင်နရီအယ်လ်ဟမ်သည် ဂျာမန်အမျိုးသားကြီး တိုမိုဂိုတာနာကား သေဆုံးသွားပြီးနောက် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသား ဖြစ်လာခဲ့သည်။) (အင်တာနက်)

ကမ္ဘာ့အရှည်ဆုံး သစ်သားလုံးကြိုး

ဆော်ဒီအာရေဗျနိုင်ငံသား မိုဟာမက်အလာစီဒီ၏ သစ်သားများဖြင့်ပြုလုပ်ထားသော သစ်သားလုံးကြိုးအရှည်မှာ ပေ ၃၉၀ ရှိသဖြင့် ကမ္ဘာပေါ်တွင် အရှည်ဆုံးသစ်သားလုံးကြိုးတစ်ကြိုးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ယင်းသစ်သားလုံးများအား ရိုမေးနီးယားနိုင်ငံမှ သစ်များအားမှာယူကာ ပြုလုပ်ခြင်းဖြစ်သည်။ သစ်သားလုံးကြိုးဆွဲငင် သစ်သားလုံးပေါင်း ၁၅၀၀ရှိကာ အလေးချိန် ကီလိုဂရမ် ၁၅၀ ရှိသည်။ မိုဟာမက်အလာစီဒီသည် သစ်သားလုံးကြိုးပြီးစီးရန်အတွက် ခြောက်လမျှသာ အချိန်ယူခဲ့ရသည်။ (ဆောက်ပုံ) (အင်တာနက်)

ကြွေရက်ကယ် စောခဲ့လေသလား....

နိုင်ငံတကာမှူခင်း

အချိန်ကား လွန်ခဲ့သော ၂၁နှစ်ဖြစ်သည့် ၁၉၈၈ခုနှစ် ဇွန်လ ၃ ရက်....။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ လူဦးရေ ၈ သိန်းနီးပါး နေထိုင်သော ဆန်ဖရန်စစ္စကိုမြို့ကြီးသည် များပန်းခဝါမျှသော မြို့သူမြို့သားများဖြင့် လူပျံရှားစည်ကားလျက်ရှိသည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် စည်ကားမှုအပြင် သာယာလှပမှုက ထပ်လောင်းအားဖြည့်ပေးလျက် ရှိနေသည်။

ပျောက်ခြင်းမလှ

ထိုနေ့တွင် ယင်းမြို့အနီး ဆိတ်ငြိမ်သော ဆင်ခြေဖုံးဒေသရှိ ပီနိုလီမြို့လေး၌ နေထိုင်သော ရောဘတ်ဆပ်ခ်ဖနင့် ကင်မ် ဆပ်ခ်ဖ်တို့၏ ခုနှစ်နှစ်အရွယ် သမီးငယ် အဒ်ဘာဆပ်ခ်ဖ်ဂါဒီယာ (ဃာဝုံ)သည် အိမ်ရှေ့သို့ထွက်ကာ ကြိုးခုန်နေခဲ့သည်။ အဒ်ဘာတွင် ဖခင်မရှိတော့ပေ။ အဒ်ဘာ၏ဖခင် ရဲအရာရှိ ရောဘတ် ဆပ်ခ်ဖ်သည် ၄ နှစ်မြောက်ခန့်က တစ်ယောက်တည်း ဧေးနေးဂူလူ ကြီးခုန်ဆော့ကစားနေခဲ့စဉ်ကပင် ဦးနှောက်ပေါက်ကွဲခဲ့ရာ ကွယ်လွန်သွားခဲ့ရသည်။ ထိုစဉ် မိခင်ဒေါ်လီဆီး အဒ်ဘာအား ဓနိုးသည် ကင်မ်ဆပ်ခ်ဖ်၏ ဝမ်းတွင်းလွယ်ထားသည့်အချိန် ၁၉၈၀ ပြည့်နှစ်က အာမခံဖြင့် ရှိနေစဉ် ထွက်ပြေးနေသော တရားခံတစ်ဦးအား လိုက်လံဖမ်းဆီးထိန်းသိမ်းစဉ် အသက်ခံခဲ့ရသည်။ ထို့ကြောင့် အဒ်ဘာသည် မွေးဖွားစဉ်ကတည်းက ဖတိုးသမီးလေးတစ်ဦး ဖြစ်ခဲ့သည်။ ထိုစဉ် မိခင်အပြင်သို့သွားနေခိုက် တစ်ယောက်တည်း ဧေးနေးဂူလူ ကြီးခုန်ဆော့ကစားနေခဲ့ခြင်းဖြစ်သည်။ အဒ်ဘာသည် ထိုအရွယ်မှစ၍ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့သည်။

စုံးစုံးမြေပဲ

အဒ်ဘာ၏မိခင် ကင်မ်သည် ခင်ပွန်းသည် ဆုံးပါးသွားပြီး နောက် ၄င်း၏ကိုယ်စား လိမ္မာရေးခြားမှိုသော သမီးလေးအပေါ်တွင် အချစ်ပိုနေခဲ့ရှိသို့ သမီးလေးပျောက်ဆုံးသွားသည့်အတွက် ရင်ထုမနာဖြစ်ကာ ယူကျုံးမရ ကြေကွဲဝမ်းနည်းခဲ့ရသည်။ သူ၏သမီး အဒ်ဘာပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး မျက်မြင်သက်သေမရှိသည့် အပြင် သဲလွန်စ လုံးဝရှာဖွေမတွေ့ရှိခဲ့သဖြင့် အမှုပေါ်ရန် လမ်းစမှာ စုံးစုံးမြေပဲခဲ့ရသည်။

ပေါ်ပေါက်

ကင်မ်သည် သမီးပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး အနှစ် ၂၀ နီးပါးမျှ စိတ်ဒုက္ခရောက်ကာ သောကပင်လယ်ဝေခဲ့ရသည်။ သို့သော်လည်း သမီးပျောက်ဆုံးမှုသည် ၁၉ နှစ် ၅ လခန့်အကြာ လမ်းစပျောက်နေရာမှ ပြစ်မှုကျူးလွန်သူမှာ ဖြင့် ဆောင်းဇာတ် နှစ် ၃၀၀ ကျော်ကျခံနေပြီး ယင်းပြစ်မှုကို ကျူးလွန်ခဲ့သူ တရားခံ ကာတစ ဒီးန်အန်ဒါဆင်က ဝန်ခံဖြောင့်ချက်ပေးခဲ့မှုကြောင့် မမျော်လင့်ဘဲ အမှုပေါ်ပေါက်ခဲ့ရသည်။

ဝန်ခံထွက်ဆို

ကာတစ်သည် ၂၀၀၇ခုနှစ် နိုဝင်ဘာလ၌ အဒ်ဘာ ပျောက်ဆုံးမှု၌ ပြစ်မှုကျူးလွန်သူမှာ ၄င်းပင်ဖြစ်ကြောင်း ဝန်ခံခဲ့သည်။ ယင်းသို့ဝန်ခံမှုသည် ၄င်းဆောင်ထဲတွင် မသေဆုံးမီ တစ်လအလိုခန့်က ဝန်ခံခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဝန်ခံခဲ့စဉ် အသက် ၄၆ နှစ်ရှိ ကာတစ်သည် ယင်းနေ့က အိမ်တစ်အိမ်၏ ရှေ့တွင်ရပ်နေသော အဒ်ဘာ၏သမီးသို့ကားမောင်းသွားခဲ့ကြောင်း၊ ထို့နောက် ကားတံခါးဆွဲဖွင့်ကာ အဒ်ဘာအား ကားတွင်းသို့ ဆွဲသွင်းပြီး အရိုးနုးပြည်နယ်ဘက်သို့ ကားဖြင့်ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထိုသို့ခေါ်ဆောင်သွားစဉ်တွင် ကားပေါ်၌ အဒ်ဘာအား ဓိတ်ငြိမ် အိပ်ပျော် သွားစေရန် အငြင်းစား ဘီယာတိုက်ခဲ့ကြောင်းထို့မှတစ်ဖန် အရိုးနုးပြည်နယ် တပ်ဆန်မြို့မှ မိုတယ်အခန်း တစ်ခန်းသို့ အဒ်ဘာအား သတ်ဖြိုးနောက် အလောင်းကို သဲကန္တာရအတွင်းသို့ ဖွန့်ပစ်ထားခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

သေဆုံးခဲ့

ကာတစ်သည် အဒ်ဘာနှင့်ပတ်သက်၍ ယင်းသို့ဖြောင့်ချက်မပေးမီ ၄င်းအား သေဒဏ်မပေးပါက ၄င်းကျူးလွန်ခဲ့သော နောက်ထပ်ပြစ်မှုတစ်ခုကို အလိုအလျောက် ဖြောင့်ချက်ပေးမည် ဖြစ်ကြောင်း ကြိုတင်စကားပလ္လင်ခံကာ တောင်းဆိုခဲ့သည်။ ၄င်းသည် လွန်ခဲ့သော ၂၀၀၀ပြည့်နှစ်က ကယ်လီဖိုးနီးယား ပြည်နယ် ဗယ်လီဂျုံမြို့မှ အသက်ခုနစ်နှစ်အရွယ် မိန်းကလေးအား ပြန်ပေးဆွဲကာ သတ်ဖြတ်မှုဖြင့် ထောင်ဒဏ် ၂၅၁နှစ်၊ ၁၉၉၉ ခုနှစ်က ယင်းမြို့မှပင် အသက်ခုနစ်နှစ်ရှိ မိန်းကလေးတစ်ဦးအား ပြန်ပေးဆွဲမှုဖြင့် ထောင်ဒဏ် နှစ်၅၀ဖြင့် စုစုပေါင်း ထောင်ဒဏ် ၃၀၁နှစ်ကျခံရေရသူဖြစ်သည်။ ကာတစ်သည် အဒ်ဘာအား ပြန်ပေးဆွဲသတ်ဖြတ်ခဲ့သည်ဟု ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် ဝန်ခံဖြောင့်ချက်ပေးခဲ့ပြီးနောက် တစ်လအကြာ ယင်းနှစ် ဒီဇင်ဘာလ၌ ထောင်တွင်း သေဆုံးခဲ့သည်။ အဒ်ဘာသည် ၄င်း ပြန်ပေးဆွဲခံရသည့် ၁၉စုစုခုနှစ် ဇွန် ၃ ရက်မှ တစ်ရက်ခွဲခန့် အကြာတွင် သေဆုံးခဲ့သည်ဟု ယူဆရသည်။

ပြောကြား

အဒ်ဘာ၏အမှုနှင့်ပတ်သက်၍ မိခင်ဖြစ်သူ ကင်မ်ဆပ်ခ်ဖ်က မိမိတို့အနေဖြင့် သမီးအဒ်ဘာနှင့်တကွ သူမပိုင်ဆိုင်သော အရာအားလုံးကို ဆုံးရှုံးခဲ့ရကြောင်း၊ သူကြီးခန်နစေဒ့် အသုံးပြုသော ကြေး၊ သူ၀၏အဝတ်အစား၊ ရှူးဖိန်ပင်တို့ကို သဲလွန်စ မရရှိသည့် အပြင် လက်ချောင်းရိုးတစ်ခုကိုပင် မရရှိခဲ့ကြောင်း၊ မိမိတွင် သမီး၏ အမှတ်တရဟူ၍ မည်သည့်အရာမျှ မကျန်ရှိခဲ့ကြောင်း၊ မိမိအနေဖြင့် ဖြေရှင်းရသည့်အဖြေပေါ်သော သမီးအကြောင်းကို အမြဲတမ်း ရင်ထဲနှလုံးသားထဲတွင် စွဲမြဲနေခဲ့ကြောင်း၊ သမီး ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး ဝမ်းနည်းကြေကွဲမှုကို အတိုင်းအဆမရှိ ခံစားနေရသူ ကင်မ်ဆပ်ခ်ဖ်က ပြောကြားခဲ့သည်။

ကံကြမ္မာစည်သည်

ယခုဖြစ်ရပ်တွင် လိမ္မာရေးခြားရှိသော ဖတဆိုးသမီးလေး အဒ်ဘာဆပ်ခ်ဖ်ဂါဒီယာသည် မိခင်နှင့်အတူ သေးခုမ်းသာယာသော ဘဝလမ်းခရီးကို လျှောက်လှမ်းမည် ကြိတ်ရှိသေးသည့် ခုနစ်နှစ်သမီးအရွယ်တွင် မမျှော်လင့်သော ကံကြမ္မာစည်သည်ကြောင့် ကြွေရက်စောခဲ့ရရှာလေသော ရင်နှင့်ဖွယ်ရာဖြစ်ရပ်ကို သင်ခန်းစာယူဖွယ်ရာ ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား - အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

အဒ်ဘာ၏မိခင် ကင်မ်သည် ခင်ပွန်းသည် ဆုံးပါးသွားပြီးနောက် ၄င်း၏ကိုယ်စား လိမ္မာရေးခြားရှိသော သမီးလေး အပေါ်တွင် အချစ်ပိုနေခဲ့ခြင်းဖြင့် သမီးလေးပျောက်ဆုံးသွားသည့်အတွက် ရင်ထုမနာဖြစ်ကာ ယူကျုံးမရ ကြေကွဲဝမ်းနည်းခဲ့ရ၊ သူမ၏သမီး အဒ်ဘာ ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး မျက်မြင်သက်သေ မရှိသည့်အပြင် သဲလွန်စ လုံးဝရှာဖွေမတွေ့ရှိခဲ့သဖြင့် အမှုပေါ်ရန် လမ်းစမှာ စုံးစုံးမြေပဲခဲ့ရ။

ဘဝဒဿန

■ *Doing good is the only certainly happy action of a man's life.*

❐ *ကောင်းမှုကို လုပ်ဆောင်ခြင်းသည် ဘဝတွင် ဖျော်ရွှင်ချမ်းမြေ့စေသည့် တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်သည်။*

ဆာဒီးလစ်ဆစ်ဒနေ
(အင်္ဂလိပ်လူမျိုးစာဆို)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ
မြင့်မောင်မိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

သစ်ပင်စိုက်ပျိုးပွဲ ကျိုက်ထိုမြို့နယ်၌ ကျင်းပ

ရန်ကုန် ၉လိုင် ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ရက်က ကျိုက်ထိုမြို့နယ် ဂေါက်ကွင်းအနီးရှိ မြေဂွကိလပ်ဒ်ကျင်းပရာ နယ်ခြေဒေသတပ်ဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီဝင်ဂွဲ့ဝင် ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ်ခြောက် ရပ်ကွက်မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။

ရေးဦးစွာ ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခိုင်ညွန့်က သစ်ပင်ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စိုက်ပျိုးပုံနည်းစနစ်များကို ရှင်းလင်းပြသပြီး တက်ရောက်လာကြသူများက ကျွန်း၊ ပိတောက်၊ မောက်ဂနီ၊ စစ်၊ ငွေဝါ၊ သစ်ကုန်နှင့် မဲဇလီ စုစုပေါင်းပျိုးပင် ၃၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (အောက်ပဲ့) (သတင်း၏)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မြို့မ(၁)ရပ်ကွက် မဟော်သဓာစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ဘဏ်ပင်ပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ဦးစီးပိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ ဆက်)

ကျေးလက်ဖွံ့ဖြိုးရေး ကန့်ဘလူ၌ ဆွေးနွေး

ကန့်ဘလူ ဇွန် ၂၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ရက် မွန်းတည့် ၁၂နာရီက ကန့်ဘလူမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဝေမျိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ တက်ရောက်ကြပြီး အဆိုပါအစည်းအဝေးတွင် ရွေးချယ်ခံဥက္ကဋ္ဌ ဦးအုန်းချိုက ကျေးလက်ဖွံ့ဖြိုးရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေးတို့အတွက် ဌာနဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ရန်၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။ (၀၂၇)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဗန်းဇော်ဟန် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၂ ရက်က ချစ်မြသာစည်မြို့နယ် လမ်း ၆၀နှင့် ရွှေဝါထွန်းလမ်းထောင့် အမှတ်(၆)ရေတွန်းစက်ရုံနှင့် ရေလောင်းကန်မှ မြို့သစ်(၁)၊ မြို့သစ်(၃)၊ မြို့သစ်(၄)ရပ်ကွက်ရှိ ပြည်သူများ ရေပိုမိုရရှိနိုင်ရေးအတွက် လေးလက်မ ပီဒွိစီရေပိုက်များ သွယ်တန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၃၁)

ကျောက်မဲ၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပ

ကျောက်မဲ ဇွန် ၂၆

၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က ကျောက်မဲမြို့ အထက(၁)ခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြောဆွေးနွေး

ဆက်လက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကိုကိုကြီးက မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခေါ်အေးမေမှက မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး အသိပညာများကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးတင့်လွင်က မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ပေးအပ်ချိန်ဖြင့်

ထို့နောက် ၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်ပိုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ကွန်ပျူတာပန်းချီဆုရ ကျောင်းသား နှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။

(စာပေနှင့်စာနယ်ဇင်း)

အဆွက်တိုးသီးနှံ ပဲဝက်ဆီစိုက်ပျိုး

နောင်ချို ဇွန် ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် နမ့်ဆောင်ဟူးကွေးရွာ၊ နောင်အောကွေးရွာ၊ မျက်ချင်းနကွေးရွာ၊ ကဲကြီးကွေးရွာအုပ်စုအတွင်းရှိ ကောင်သူဦးကြီးများသည် အထွက်တိုးပြီး ဝင်ငွေတိုးတွက်ခြေကိုက်သည့် ပဲဝက်ဆီ သီးနှံကို စတင်စိုက်ပျိုးနေကြသည်။ စိုက်ပျိုးစရိတ် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းကုန်ကျပြီး အောင်မြင်ဖြစ်ထွန်းလျှင် ကျပ်ရှစ်သိန်းခန့် အကျိုးအမြတ်ရရှိသဖြင့် ကောင်သူဦးကြီးများက အထူးစိတ်ဝင်စားပြီး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၀၂၅)

စာရေးကိရိယာများပေးအပ်

နမ့်ခမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာပေးအပ်ပွဲကို ဇွန် ၁၅ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မှုခင်းကျဆင်းရေး မြင်ခြံ၌ဟောပြော

မြင်းခြံမြို့နယ် မှခင်းကျဆင်းရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဆွေ၊ ဒုတိယရဲမှူး ဆောင်မိုးနိုင်၊ မြို့နယ်ဥပဒေအရာရှိနှင့် ကုန်းလမ်းပို့ဆောင်ရေးဥက္ကဋ္ဌနှင့်ကြားမှုဦးစီးဌာန ဦးစီးမှူးတို့ပါဝင်သည့်အဖွဲ့သည် ဇွန် ၁၀ ရက်က မြင်းခြံမြို့နယ် သင်ပြန်းကွေးရွာ အုပ်စုဌာ ကွေးရွာပြည်သူ ၃၀၀ ကျော်တို့အား မှခင်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ လိုက်နာဆောင်ရွက်နိုင်ရေး အတွက် ပညာပေးဟောပြောကြသည်။ (၀၈၇)

ဆိုင်ကယ်က ကားကိုဝင်တိုက်ရာမှ ဆိုင်ကယ်မောင်းသူသေဆုံးမှု မိတ္ထီလာ၌ဖြစ်ပွား

မိတ္ထီလာ ၉လိုင် ၆

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်း ဇောင်ဂျိုးကုန်းကွေးရွာအနီး မိုင်တိုင် အမှတ် (၃၄၂/၂)တွင် ဇွန် ၁၅ရက်က မိတ္ထီလာမြို့ ကျိတော်ကုန်းရပ်ကွက်နေ မြင့်ဌေး (၃၅)နှစ် မောင်းနှင်သော အေရှိလင်းကားကြီးကို မိတ္ထီလာမြို့ ပြည်သာယာတော်ပိုင်းနေ မင်းမင်းထွန်း (ခ) ဂေါင်းကြီး အသက်(၂၀) စီးလာသည့် လော်ကွအနက် ရောင် ၁၁၀ နံပါတ်မပါ ဆိုင်ကယ်ကဝင်တိုက်ရာ ကားနောက်ဘီးဖြင့်တိုက်မိ၍ ဦးခေါင်းနှင့်ဝမ်းဗိုက်တွင် ထိခိုက်ဒဏ်ရာရရှိပြီး နေရာတွင်ပင်ပျံလွန်ပြီး သေဆုံးသွားသည်။

အရေးယူ

အမှုနှင့်ပတ်သက်၍ အမှတ် (၂)ရဲစခန်းမှ မြင့်ဌေးအား (၀) ၁၂၉/၂၀၀၉ ပုဒ်မ ၃၃၈/၃၀၄ (က)ဖြင့် အရေးယူထားသည်။ (၀၈၆)

မှုခင်းသတင်း

ပေါင်းမြို့နယ် မြို့သာယာလုပ်ရေးနှင့် စီမံလုပ်ငန်းစိုးပြည်ရေး ဆောင်ရွက်ထားမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ဇွန် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်လင်းထင်တို့က ရှင်းလင်းတင်ပြခဲ့စဉ်။ (၁၇၆)



ဇွန် ၂၄ ရက်က ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဆရာစံ ပန်းခြံအတွင်း မြေယာအလှရှုခင်းပုံဆော်နေမှုကို ဝန်ထမ်းများနှင့်အတူ အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လှိုင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်း မိခင်နှင့်ကလေး အလျှူငွေပေးအပ်

မိုးညှင်း ဇွန် ၁၅

မိုးညှင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ခေါ်သီတာသန်းဦးနှင့် အသင်းဝင်များ ဇွန် ၁၄ရက် နံနက် ၉နာရီက ညောင်ကုန်းကွေးရွာရှိ သက်ကြီးရွယ်အို သုံးဦး၊ မျက်မြင်ဒေါ် တစ်ဦး၊ ခြေလက်မသန်စွမ်း (ပိုင်ဇီယို)ဖြစ် သူနာပြုဦး တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ၃၀၀၀၀အား ကျန်းမာရေးအတွက် အလှူငွေ ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် မြန်/ ဆက်)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူးလျော်ကာထားခြင်း

ယာဉ်အမှတ် ၈၈/ ၇၇၀၉ Ko Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးမုန်းလိုင် မှတ်ပုံတင်အမှတ် ၉/မရမ (နိုင်)၀၄၉၉၁၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးခဲ့၍ မိတ္ထူး ထုတ်ပေးရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသာအထောက် အထားများဖြင့်ကြေငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါနံပါတ်သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရဲဌာနချုပ်(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာန်းမြို့နယ်၊ ဥမင်ကျွန်းရပ်ကွက်၊ အကွက်အမှတ် ၄၁၆/ဃ၊ ဦးပိုင်အမှတ် ၄၆-အ/၁+၄၆-အ/၂၊ ၇၆ လမ်း ၁၁ လမ်းထောင့် ဦးကျော်အောင်း-ပါ (၃) အမည်ပေါက် မြေကွက်အား ဦးကျော်အောင်း-ပါ(၃)မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်) ၀၂၃၀၀၀မြင့် မြြုပ်မိပက်နိုးနှင့် မြေစိမ်နှံခဲ့ပုဒ်ရှိသည်။ ဂရန်မိတ္တူ/ အမှတ္တဖွဲ့ငွေပြုပါရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူးမြို့ပြစီစဉ်ကိန်းနှင့် မြေစိမ်နှံခဲ့ပုဒ်သူ၊ မန္တလေးမြို့တော်ခေါ်ပင်သာယာရေးကော်မတီ။

သံတွဲခရိုင်အသင်း
ဝါဆိုသက်နှံးကပ်လျှုပ်ပွဲကျင်းပမည်

သံတွဲခရိုင်အသင်း(၉- တောင်ကုတ်-သံတွဲ)၏ ဝါဆိုသက်နှံးကပ်လှူပွဲကို ဇူလိုင် ၁၂ ရက် (တနင်္ဂနေ့) နံနက် ၈း၃၀နာရီတွင် သာကေတမြို့နယ် (၁၀) ရပ်ကွက် ရွှေငံးသာမြို့ပတ်လမ်းရှိ သိဒ္ဓိဇေယျာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြေရောက်ကြရန်နှင့် လှူဒါန်းလိုသူများ အသင်းဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း- ၀၉-၅၁-၂၆၄၀၉၊ ဒုဥက္ကဋ္ဌ ဦးမြစောင် ဖုန်း-၀၉-၅၁-၂၀၅၂၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း- ၀၉၉၉၈၇၊ အတွင်းရေးမှူး ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆၀ကို သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

နိုင်ငံတကာအဆင့်မီ
ခင်သူတာ
သူနာပြုအကူ

ဆေးခါးကျွမ်းကျင်အခြေခံ အင်္ဂလိပ်စာ
တိုက်(၄)၊ မြေညီ၊ ဝေစေယျ၊
သဃ်ိန်းကျွန်း၊ ရန်ကုန်
အသင်းတိုက်မှတ်တိုင်ရှေ့
ဖုန်း-၅၆၀၈၂၀
ဇူလိုင် ၁၆ရက်ခေတ်။

Completec®
ဆေးယင်းအစားထိုးဆေး
Complete Natural Antioxidant
FAME
ISO 9001 : 2000
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified

MR. COOK

ပန်းမောက်၌ ကွန်ပျူတာနှင့် အလှူငွေ ပေးအပ်

ပန်းမောက် ဇွန် ၂၉

စစ်ကိုင်းတိုင်း ကသာခရိုင် ပန်းမောက်မြို့၌ ကွန်ပျူတာနှင့်အလှူငွေပေးအပ်လှူဒါန်းခဲ့သည့် အခမ်းအနားကို ဇွန် ၁၇ ရက်နှင့်၁၀ နာရီက မြို့မလွန်ကျောင်းခန်းခဲ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးမာန်ထွန်းနေနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် တင်မြင့်ဆောင်ရွက်ခဲ့ရာ ရတနာတောင်ဖေရေး ကုမ္ပဏီမှ ဦးတင်မြင့် -ဒေါ်မြင့်မြင့်ဌေး မိသားစုက ငွေကျပ်၁သိန်းခဲ့ဝတန်ဖိုးရှိကွန်ပျူတာတစ်စုနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ မြို့မလွန်ကျောင်းဂျပန်ကျောင်း ဘက်စုံပြုပြင်ရန်အတွက်ငွေကျပ် ၁၇၅၀၀၀ ကိုလည်းကောင်း အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးလှထွန်း ကလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် မြန်/ ဆက်)**

ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဝင် သားသမီးများအား ပညာသင်စရိတ်ပေးအပ်

ဘားအံ ဇွန် ၂၂

ဘားအံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ သားသမီးများအား ၂၀၀၉ -၂၀၁၀ ပညာသင်ခန်းအတွက် ပညာသင်စရိတ်ပေးအပ်ပွဲကို ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက ဘားအံမြို့စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ဟန် (ငြိမ်း)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ၅၁၆ ဦးနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့အား ငွေကျပ် ၃၇၀၀၀၀ကို ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ဟန် (ငြိမ်း) **(ယာဉ်)**၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးစောကပေါ်ထူး (ငြိမ်း)နှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးလှမျိုး(ငြိမ်း) တို့က ပေးအပ်ချီးမြှင့်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကျောင်းသားကျောင်းသူများက လက်ခံယူကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)

(၁၅၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သာကေတမြို့နယ် ၁၀/ တောင် (၁၄)ရပ်ကွက်သလွန်းတိုင့်လမ်း အမှတ် ၁၆၆၆/ကနေ ဦးမောင်သိန်း **(အပေါ်ပို့)**(ရဲတပ်ဖွဲ့၊ ငြိမ်း) လူမှုထူးချွန် ပထမဆင့် ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာ လှူဒါန်းထားသူသည် ဇူလိုင် ၂ရက် နံနက်က ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် (၁၂၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။

(အမျိုးသားသွေးလှူဘာဝ)

တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

အုတ်တွင်း ဇွန် ၂၅

ပဲခူးတိုင်း တောင်ငူခရိုင်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းသော ကျန်းမာရေး၊ ပညာရေးဆိုင်ရာသိကောင်းစရာများ ဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အုတ်တွင်း အထကခန်းခဲ့၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါက်တာခင်လေးရီက ကျန်းမာရေးဆိုင်ရာကိစ္စများအဖွဲ့ဝင်ဒေါ်နုနုရီက ပညာရေးဆိုင်ရာကိစ္စများကို ဟောပြောဆွေးနွေးပြီး အုတ်တွင်းအထက ဒုတိယကျောင်းအုပ် ဒေါ်စန်းမြင့်က ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌထံ အဖွဲ့ဝင်အဆိုပြုလွှာ အစောင် ၅၀ ပေးအပ်သည်။**(ယာဉ်)**ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌမှ ကျောင်းသူများအား ရင်ထိုးတံဆိပ်များ ပြန်လည်ပေးအပ်ပြီး အမျိုက်ပုံးနှင့် တံမြက်စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌဒေါ်စန်းစန်းဝေနှင့် အဖွဲ့ဝင်များဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာတက်ရောက်ကြသည်။

အလားတူ ဇွန် ၂၃ ရက် နံနက်ပိုင်းက သီရိရတနာခန်းမ၌ လူမှောင်ခိုကုန်ကူးမှု ကာကွယ်တားဆီးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများကို ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၃၁၆)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ကြူကုတ်(ပန်ဆိုင်း) ဇူလိုင် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကြူကုတ် (ပန်ဆိုင်း)မြို့မ၊ နန်ကောင်းကျေးရွာအုပ်စု မန်ခဲလုံကျေးရွာ၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၂၂ ရက်က သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မူဆယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညွှန့်ရည်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြူကုတ်(ပန်ဆိုင်း)မြို့မ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ညိုညိုဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ တက်ရောက်လာသူများက ကျွန်းပင် ၂၀၀၊ ယူကလစ်ပင် ၁၅၀၊ ရောင်းဝင်ပင် ၅၀၊ ခဲလေပင် ၃၀၊ သစ်လှပင် ၂၀ စုစုပေါင်း အပင် ၄၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အောက်ပို့)**

(စာပေနှင့်စာနယ်ဇင်း)

နှစ်ဖက်သောမိဘများအား အမှုးထား၍ တွဲတားမြို့ အုန်းပင်စုရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးကြည်ဝင်း၊ဒေါ်ခင်စိန်ဝင်း မိသားစုက တွဲတားမြို့ မိဘဂုဏ်ဘိုးဘွား ရိပ်သာ ဆေး၊ အဟာရပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဘိုးဘွား ရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက လက်ခံယူစဉ်။ (၁၀၅)

စာကြည့်တိုက်များစံ(၅)ချက်နှင့်ပြည့်စုံရေး
တာချီလိတ်တွင်ဆွေးနွေး

တာချီလိတ် ဇူလိုင် ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုးဖိုးသည် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး၊ စာဌား ကတ်စနစ်ကျင့်သုံးရေး၊ အဆောက်အအုံမြေနေရာရရှိရေး၊ ဝန်ထမ်းများ အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် စီဒီယာသမားကောင်းများ ဖြစ်ရေး တို့ကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ဦးစီးအရာရှိ ဦးမောင်ကြည်က ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ထားရှိမှုနှင့် စာဌားကတ်စနစ်ကျင့်သုံးမည့် အခြေအနေများကိုပြန်လည် ဆွေးနွေးတင်ပြကြောင်း သိရသည်။ **(ခရိုင် မြန်/ဆက်)**

ရှမ်းပြည်နယ် (မြောက်ပိုင်း)က အကြီးဆုံးသော ကြားစက်ရုံကြီး ကြိုဂိုက်တောင်သူများအား ထားရာ စက်ရုံကြီး ဖြစ်လာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အကြီးဆုံး သကြားစက်ကြီး ဖြစ်သော နောင်ချိုမြို့နယ် ဆင်းရွှေလီသကြားစက်ကြီးကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

- သတင်းခရီးသည် - မြင့်မောင်စိုး
- ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
- စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၈

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်း စက်ရုံ၊ အလုပ်ရုံကြီးများ တည်ထောင် ဖွင့်လှစ်ပေးခြင်းဖြင့် ဒေသကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက် မြင့်မားကာ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုဖြိုးစေရေး ဖြည့်ဆည်းပေးလျက်ရှိသည်။

တည်ဆောက်ဖွင့်လှစ်

ယခုအခါ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် အကြီးဆုံးနှင့် ခေတ်အမီဆုံး သကြားစက်ရုံကြီးကို တည်ဆောက်ဖွင့်လှစ်ထားပြီဖြစ်သည်။ ယင်းသကြားစက်ရုံကြီးသည် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဆမ္မဆယ် ကျေးရွာအနီး၌ တည်ရှိသည်။

သွားရောက်လေ့လာ

မြန်မာ့အလင်းသတင်းအဖွဲ့သည် နောင်ချိုမြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဒေါ်နန်းလွင်လွင်စိန် လိုက်ပါလျက် အဆိုပါ သကြားစက်ရုံကြီးသို့ သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

ကမ္ဘာ့လူတုပ်ကွေးရောဂါတွေ့ရှိရသူ အသက် ၁၃ နှစ်အရွယ် အမျိုးသမီးငယ်၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိသဖြင့် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်

ရောဂါစောင့်ကြပ်ကြည့်ရှုခဲ့သူ အားလုံးတွင်လည်း ရောဂါဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရသဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ရုပ်သိမ်းခဲ့

နေပြည်တော် ဇူလိုင် ၈

အသက် ၁၃ နှစ် အရွယ်ရှိ အမျိုးသမီးငယ်တစ်ဦးသည် ၎င်း၏မိသားစုနှင့်အတူ ဇွန် ၂၁ ရက်တွင် စင်ကာပူနိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့ပြီး ဇွန် ၂၆ ရက် မွန်းလွဲ ၁နာရီခွဲတွင် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိခဲ့သည်။

အတည်ပြုတွေ့ရှိခဲ့

၎င်းအား လေဆိပ်တွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးစဉ် အများမရှိခဲ့သော်လည်း အိမ်ရောက်ပြီးနောက် သူငယ်ချင်းများနှင့် အတူ စာဖတ်ပိုင်းသို့သွားရောက်စဉ် သင်တန်းဆရာမက ၎င်းချောင်းဆိုးနေသည်ကို သတိပြုမိသဖြင့် မိဘများနှင့်တိုင်ပင်ကာ ဇွန် ၂၆ ရက် ည ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်စေခဲ့သည်။ လူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး သီးသန့်လူနာခန်း၌ထားရှိပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနက စမ်းသပ်ခဲ့ရာ ဇွန် ၂၇ ရက်တွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ရောဂါရှိကြောင်း အတည်ပြုတွေ့ရှိခဲ့သည်။

ဆေးရုံဆင်းခွင့်ပြု

အဆိုပါလူနာသည် မြန်မာနိုင်ငံတွင် New Influenza A(H1N1) စတင်တွေ့ရှိသူဖြစ်ကာ ၎င်းအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး သီးသန့် အခန်းတွင်ထားရှိပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုသမားတော်ကြီးများပါဝင်သောအဖွဲ့ဖြင့် စနစ်တကျကြပ်မတ်ကုသပေးခဲ့ရာ လူနာ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိသဖြင့် ယနေ့ညနေ ၆ ပိုင်းတွင် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ရုပ်သိမ်း

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ရောဂါဖြစ်ပွားမှု ထိန်းချုပ်ရေးအတွက် လူနာနှင့် ထိတွေ့မှုရှိသော မိသားစုဝင်များ၊ စာဖတ်ပိုင်းအတူတက်ရောက်ခဲ့သူများ၊ သင်တန်းဆရာမနှင့် မိသားစုများအား ပြင်ပသို့သွားရောက်ခွင့်မပြုဘဲ ရောဂါစောင့်ကြပ်ကြည့်ရှုခဲ့သည်။ လူနာနှင့်အတူ လေယာဉ်စီးနင်းလိုက်ပါလာသော ခရီးသည် ၉၁ ဦးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက် ဝန်ထမ်းများအား ရောဂါဖြစ်ပွားမှု ရှိ/မရှိ ဂရုစိုက်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သော အခြေခံကျန်းမာရေးဝန်ထမ်းများမှ စနစ်တကျကြပ်မတ်ဆောင်ရွက်ခဲ့ရာ ၎င်းတို့အားလုံးတွင်လည်း ရောဂါဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရသဖြင့် ရောဂါကူးစက်နိုင်ခြေရှိသောကာလ ၁၀ ရက် ကျော်လွန်ပြီဖြစ်၍ ဇူလိုင် ၆ ရက်မှစ၍ ၎င်းတို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ နိုင်ငံအတွင်းသို့ ရောဂါကူးစက်ရှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နိုင်ရေးလုပ်ငန်းများတွင် အများပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော် ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တွေမြို့ အော်တို အိတ်ချိန်းမှ မိုဏ္ဍရိတာဝါကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ - သတင်းစဉ်

ဆက်သွယ်ရေးတိုးတက်မှုကို အခြေပြု ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးလာတော့မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း တင်ထွေး(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု ဇင်မင်းသန့်(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၈

စစ်တွေမြို့ ကမ်းနားလမ်းတွင် လေပြင်းတို့က အရပ်မျက်နှာ ပေါင်းစုံမှ တိုးဝှေ့တိုက်ခတ်နေသည်။ လေဖိအားနည်းရုပ်ဝန်းသတင်း ကိုလည်း ရေဒီယိုမှ မကြာခဏဆိုသလို ထုတ်လွှင့်နေသည်။ မြို့ပေါ်နေ မိမိတို့အတွက်ကတော့ လေဖိအားနည်းရုပ်ဝန်းမှ မုန်တိုင်းအဖြစ် ပြောင်းပြီး ဝင်လာသည်ဆိုဦးတော့၊ လုံခြုံမှုအတွက် စိတ်ပူစရာမရှိလှပေ။

ရင်ခုန်စရာကောင်းလှ

သို့သော် ပင်လယ်ပြင်တွင်ကျန်ရှိနေပြီး လေဖိအားနည်းရုပ်ဝန်း သတင်းကို ရ/မရ ခန့်မှန်းမရသော ငါးဖမ်းစက်လှေအလတ်စားနှင့် အသေးစားများ၊ တဲငါ လောင်းလေ့များမှ လုပ်သားများအတွက်မူ စိတ်ပူ စရာပင်ဖြစ်သည်။ သူတို့အဆင်မှ ပြေကြပါစ ဟူသော အတွေးတို့က ခေါင်းထဲဝင်လာသောခဏတွင် စိတ်ရှုပ်ထွေးရသည်။ ဒေသခံတို့တော့မသိ၊ မနေ့ကမှရောက်သောစည်သည် မိမိတို့အတွက်မူ ဤကိစ္စက ရင်ခုန်စရာ ကောင်းလှသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●